စိတ်ကူးချိုချိုအနုပညာ

# မျှော်တလင့်လင့်

## မောင်ထွန်းသူ

မြန်မာပြန်



GREAT EXPECTATIONS

CHARLES DICKENS

ဒုတိယအကြိမ်ပြန်လည်ပုံနှိပ်ခြင်း

# မြန်မာပြန်သူ၏ အမှာ စာ

(၁)

'မျှော်တလင့်လင့်' လျှောက်လှမ်းခဲ့ရသော ခရီးသည် 'ခရီးရှည်ကြီး တစ်ခု' ဖြစ်သည် ။ ထိုခရီးရှည်ကြီးအကြောင်းကို မပြောဘဲ မနေနိုင်သဖြင့် ပြောခွင့်ပြုစေချင်ပါတယ်။

'မျှော်တလင့်လင့်' ဝတ္ထုကြီးကို ကျွန်တော် ဘာသာပြန်ဖြစ်ခဲ့သည်မှာ ၁၉၈၆ ခုနှစ်အတွင်းက ဖြစ်သည် ။ ယခု ၂၀၀၂ ခုနှစ်မှ ပြန်တွက်လျှင် လွန်ခဲ့သော ၁၆ နှစ်ခန့်ကဟု ဆိုနိုင်ပါသည် ။ ဤဝတ္ထုကြီးကို ဘဝတက္ကသိုလ်စာပေမှ ထုတ်ဝေမည် ဟူသော စိတ်ကူးဖြင့် ဘာသာပြန်ဖြစ်ခဲ့ခြင်း ဖြစ်ပါသည် ။ ထိုအချိန်က ကျွန်တော့်အသက်သည် ၅၅ နှစ်မျှသာ ရှိပါသေးသည် ။ အခုကျတော့ ကျွန်တော့်အသက်သည် ၇၁ နှစ်မျှ ရှိခဲ့ပြီဖြစ်ရာ နောက်ကြောင်းကို တစ်စေ့တစ်စောင်း ပြန်ကြည့်လိုက်သည့် အခါ မျှော်တလင့်လင့် ဝတ္ထုကြီး စာမူဘဝ၌ နေခဲ့ရသည် မှာ ၁၆ နှစ် ကျော်သွားခဲ့ပြီ ဖြစ်လေသည် ။

(၂)

ထိုစဉ်က ကျွန်တော် ရင်ဆိုင်ခဲ့ရသည့် များကို ကျွန်တော် မစဉ်းစားဘဲ မနေနိုင်ပါ။ ပထမဆုံး ရင်ဆိုင်ခဲ့ရသည့် အချက်မှာ ‘မျှော်တလင့်လင့်’ (Great Expectation) ကို အထက်တန်း ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းလိုက်ပြီဟူသော သတင်းထွက်လာခြင်း ဖြစ်သည် ။ ထိုသတင်းကြောင့် ကျွန်တော် မိမိဘာသာပြန်ဆိုနေသည့် ကောလင်းစာအုပ်တိုက်ထုတ် ‘မူရင်းစာအုပ်’ နှင့် ‘ပြဋ္ဌာန်းမူရင်းစာအုပ်’ နှစ်အုပ်ကို တိုက်၍ ဖတ်ခဲ့ရပါသည် ။

ဤတွင် ‘ကွာဟချက်များ ’ ကို တွေ့ရသည် ။ ကောလင်းစာအုပ်တိုက်ထုတ် မူရင်းမျှော်တလင့်လင့်၌ ပါသော အချို့အပိုဒ်များကို ကျောင်းသုံးပြဋ္ဌာန်းစာအုပ် မူရင်းထဲ၌ မတွေ့ရပါ။ ပြဋ္ဌာန်းစာအုပ်အဖြစ် မသတ်မှတ်မီ သက်ဆိုင်ရာ ‘ကျောင်းသုံးစာအုပ် ပြဋ္ဌာန်းရေးကော်မတီ’ မှ တည်းဖြတ်သုတ်သင်ကာ ချန်လှပ်ထားခဲ့လေသလားဟု တွေးရပါသည် ။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်အနေဖြင့်ကတော့ မိမိလက်ရှိပြန်ဆိုနေသော မျှော်တလင့်လင့်ကို စာဖတ်ပရိသတ်အားလုံးအတွက် ပြန်ဆိုမလား သို့မဟုတ် ကျောင်းသူ ကျောင်းသားများ အတွက် ပြန်ဆိုမလားဟူသော အချက်ကို စဉ်းစားခဲ့ရလေသည် ။

အကယ်၍ ကျောင်းသူကျောင်းသားများ အတွက်သာ ကွက်၍ ပြန်မည်ဆိုပါက ကျွန်တော်သည် ပြဋ္ဌာန်းစာအုပ်မူရင်းကို အခြေခံရပါလိမ့်မည်။ ထို့ပြင်လည်း စာအုပ်ထဲ၌ ရှိနေသည့် အတိုင်း (စကားပြေ ချောချင်ချော မချောချင်နေ၊ လှချင်လှ မလှချင်နေ) ‘အတိအကျ ပြန်ဆိုသောနည်း’ ကို သုံးရပါလိမ့်မည်။

အကယ်၍ ‘ရသဘာသာပြန်’ အဖြစ်နှင့် စာဖတ်ပရိသတ်အားလုံးအ

တွက် ပြန်ဆိုမည်ဆိုပါမူကား ကျွန်တော့်အနေဖြင့် မူရင်းစာရေးဆရာ၏ အာဘော်ကို မပျက်စေဘဲ 'အလိုက်သင့် ဖြည့်စွက်ပြန်ဆိုခြင်းနှင့် အလိုက်သင့် ထုတ်နုတ်ပြန်ဆိုခြင်း' စသည် များကို လွတ်လပ်စွာ လုပ်နိုင်ပါလိမ့်မည်။ ဤပြဿနာနှင့် ပတ်သက်၍ ကျွန်တော်သည် မျှော်တလင့်လင့်အား စာဖတ်ပရိသတ်အားလုံးအတွက် ပြန်ဆိုမည်ဟု မူလကတည်းက ရည်မှန်းထားခဲ့ခြင်းနှင့် လတ်တလော ဘာသာပြန်ထားသည် မှာ လည်း စာအုပ်၏ သုံးပုံနှစ်ပုံခန့် ပြီးစီးနေခြင်း စသည် တို့ ကြောင့် 'ကျောင်းသူကျောင်းသားများ အတွက် ကွက်၍ ပြန်ဆိုရေး' ဟူသော အချက်ကို မစဉ်းစားတော့ဘဲ ပယ်လိုက်ပါသည် ။

နောက်တစ်ဖန် ရင်ဆိုင်ခဲ့ရသည့် ပြဿနာမှာ မူရင်းပြီးစီး၍ ထုတ်ဝေခွင့်တင်သည့် အခါ၌ ပေါ်လာခြင်းဖြစ်သည် ။ 'ကျောင်းသုံး ပြဋ္ဌာန်းထားသော ဤစာအုပ်ကို မြန်မာပြန်ဆိုထုတ်ဝေရာ၌ သက်ဆိုင်ရာ ပညာရေးဌာနမှ သဘောတူပါ့မလား ယင်းဌာနမှ ထင်မြင်ချက် တောင်းခံလျှင် သင့်တော်' ဟူသော အကြံပြုချက် ပေါ်လာခြင်းဖြစ်ရာ ကျွန်တော့်အဖို့ ရင်မောစရာတစ်ခု ဖြစ်လာခဲ့ရပါသည် ။

မျှော်တလင့်လင့် ပြန်ဆိုရာ၌ မြန်မာပြန်သူသည် အခြားစာအုပ်များ ထက် ပို၍ အပင်ပန်းခံကာ အားထုတ်ခဲ့ရသည် ။ အချို့ကား အခန်းများနှင့် စာပိုဒ်များကို နှစ်ကြိမ်မှ သုံးကြိမ်အထိ ပြန်လည်ဖတ်ရှု၍ ပြင်ဆင်ခြင်းနှင့် ပြန်လည်ရေးသားခြင်း စသည် များ ပြုလုပ်ခဲ့ရသည် ။ တက်စ် ဝတ္ထုဘာသာပြန်စဉ်ကလို ရေးကျသော ရေးဆန်လွန်းသော အရေးအသားများကို မူရင်းရသ မပျက်အောင် ပြုပြင်ခဲ့ရသည် ။ ဤစာအုပ်ကျခါမှ လက်နှိပ်စက် ရိုက်နှိပ်ပြီးနောက် ထပ်မံဖတ်ရှုကာ တချို့စာပိုဒ်များကို အသစ်တစ်ဖန် ပြန်ဆိုပြီး အစားထိုးခဲ့ရခြင်းများ ရှိခဲ့သည် ။

ထို့ပြင်လည်း မျှော်တလင့်လင့်လို ဂန္ထဝင်ဝတ္ထုအထူးစားကြီး ဖြစ်သည် ။ ယင်းသို့သော ဂန္ထဝင်ဝတ္ထု အထူးစားကြီးတစ်ပုဒ်ကို မြန်မာပြန်သည် မှာ တနင့်တပိုး ရှိလှပါသည် ။ အဆမတန် အာရုံစိုက်ကာ အပင်ပန်းခံရပါသည် ။ အဆမတန် ရှန်းကန်လှုပ်ရှားခြင်း ပြုရပါသည် ဟု ပြောလျှင် မှားနိုင်အံ့မထင်ပါ။ ဤမျှလောက်အထိ ကြိုးပမ်းအားထုတ်ထားရသော စာမူကြီးအား အကြောင်းတစ်ခုခုကြောင့် ထုတ်ဝေခွင့် မရခဲ့ပါမူ…။

ထိုပူပန်မှုကြောင့် မြန်မာပြန်သူသည် များ စွာ စိတ်မောခဲ့ရပါ၏။ တစ်ရက်နှစ်ရက် တစ်လနှစ်လမျှသာ စိတ်မောခဲ့ရသည် မဟုတ်ပါ များ စွာ စိတ်မောခဲ့ရပါ၏။ စိတ်မောခဲ့ရခြင်းဖြစ်သည် ။ ထိုစဉ်က ကျွန်တော်သည် ကိုယ်တိုင်လိုက်သွားပြီး စုံစမ်းမေးမြန်းခြင်း ပြုခဲ့သည် ။

ဤသို့ဖြင့် ကျွန်တော်သည် မျှော်တလင့်လင့် စာမူအပေါ်၌ ကမ္ဘာသကာ သဘောထားလိုက်သည် ။ ဖြစ်လိုရာဖြစ်တော့ဟု လည်း ဥပေက္ခာပြုလိုက်သည် ။ နောက်ဆုံးတွင် မျှော်တလင့်လင့်သည် သူ့အလိုအလျောက် ယင်းအဟန့်အတားများကို ကျော်လွှားလာခဲ့ပြီး ထုတ်ဝေခွင့် ရရှိခဲ့၏။ သို့တစေလည်း …။

(၃)

မျှော်တလင့်လင့် စာမူသည် ထုတ်ဝေခွင့်ရခဲ့ပြီဖြစ်သော်လည်း စာအုပ်ဖြစ်မလာဘဲ စာမူဘဝမှာ ပင် သောင်တင်နေခဲ့ရသည် ။ မဂ္ဂဇင်းလုပ်ငန်းက ပိနေသဖြင့် မအားမလပ်ဖြစ်နေရခြင်း၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်း၌ ကုန်ကျစရိတ်များ မြင့်တက်လာနေခြင်း၊ ဘာသာပြန်များ စာပေ

ဈေးကွက်၌ သိပ်ပြီးမတွင် ကျယ်ခြင်း စသည့် အကြောင်းပြချက်ပေါင်းများ စွာဖြင့် 'ဆင်ပြောင်ကြီး အမြီးကျမှ တစ်' ဖြစ်နေခဲ့ရလေ၏။

စာရေးသူ သို့မဟုတ် ဘာသာပြန်သူသည် သူ့စာမူကို စာအုပ်အဖြစ် မြင်လိုသည် မှာ အလွန်သဘောကျ၍ ဖြစ်သင့်ဖြစ်ထိုက်သော ရောဂါတစ်ခု ဖြစ်သည် ။ သူ့စာမူကို စာအုပ်အဖြစ် မြင်လိုက်ရသည့် အခါ ပင်ပန်းခဲ့သမျှ အားလုံး ပြေပျောက်သွားသည် ။ စာအုပ်ကို ကြည့်၍ ပီတိဖြစ်သည် ။ ကြည်နူးသည် ၊ စိတ်ချမ်းမြေ့သည် ။ အားမာန်တက်သည် ။ ဤသည် တို့ မှာ အလွန်သဘာဝကျသည့် ခံစားချက်များ ဖြစ်သည် ဟု ထင်ပါသည် ။

မျှော်တလင့်လင့်နှင့် ပတ်သက်၍ ကျွန်တော်သည် 'ထိုခံစားချက်များ' ကို ရရှိနိုင်စွမ်း မရှိခဲ့ပါ။ မျှော်တလင့်လင့်သည် ထုတ်ဝေသူ၏ လက်တွင်း၌ အကြောင်းအမျိုးမျိုးဖြင့် ထွက်မလာဘဲ 'ဝပ်' နေခဲ့သည် မှာ နှစ်ပေါင်းအတော်ကြာသည် ။ မျှော်တလင့်လင့်၏ စာမူဘဝသက်တမ်းသည် ငါးနှစ်ကျော် ခြောက်နှစ်တွင်းသို့ ဝင်လာခဲ့ပြီ။ ထိုအခါကျတော့လည်း 'ဘယ်တော့လောက် ထုတ်မလဲ' ဟု မေးမိပါသည် ။ ဖြေလိုက်သည့် အဖြေမှာ မရေရာလှသဖြင့် ကျွန်တော် စိတ်မကောင်းဖြစ်ရပါသည် ။

ဤသို့ဖြင့် မျှော်တလင့်လင့်သည် ခုနစ်နှစ်သက်တမ်းတွင်းသို့ ဝင်လာခဲ့သည် ။ ထိုအခါကျတော့လည်း ကျွန်တော်သည် တစ်မျိုးတစ်ဖုံ စဉ်းစားကာ နည်းလမ်းရှာသည် ။ မိမိနေထိုင်လျက်ရှိသော မြေနှင့် အိမ်ကို ရောင်း၍ ဤစာအုပ်ကို ထုတ်ရလျှင် ကောင်းလေမလား။

အမှန်တော့ ထိုစိတ်ကူးသည် ဖြစ်နိုင်သည့် ကိစ္စ မဟုတ်ပါ။ ဖြစ်နိုင်သည် ထားဦး၊ ဖြစ်သင့်သောကိစ္စ မဟုတ်ပါ။ လူတစ်ယောက် (အထူးသဖြင့် စာရေးခြင်းတစ်ခုတည်းဖြင့် အသက်မွေးနေသူ) သည် အ

သက်အရွယ်ကြီးလာသည့် အခါ (အထူးသဖြင့် ကျန်းမာရေး ကောင်းနေစဉ်) စားရေး၊ ဝတ်ရေး၊ နေရေးနှင့် သေရေးတို့ အတွက် အပူအပင် အကြောင့် အကြ မရှိအောင် စီမံထားနိုင်ထားဖို့ လိုသည် ။ အထူးသဖြင့် အသက်ကြီးခါမှ နေစရာ ထိုင်စရာ တင့်တောင့်တင့်တယ် မရှိပါမူ များစွာ ဆင်းရဲဒုက္ခရောက်ဖို့ ရှိပါသည် ။ ထိုစိတ်ကူးတို့ ကို အကောင်အထည် မဖော်တော့ဘဲ စွန့်လွှတ်လိုက်ပါသည် ။

(၄)

၁၉၉၇ ခုနှစ်၊ ဇူလိုင်လထဲတွင် ‘ကျွန်တော်နှင့် မျှော်တလင့်လင့်’၏ အဖြစ်ကိုသိနေသော လူငယ်မိတ်ဆွေတစ်ယောက် ကျွန်တော့်ထံရောက်လာသည် ။ သူ့လက်ထဲမှ စာအုပ်ထူကြီးတစ်အုပ်ကို ပြသည် ။ "ဦးလေးရဲ့ မျှော်တလင့်လင့်အတွက် ဒီစာအုပ်တိုက်နဲ့ ဆက်သွယ်ကြည့်ရင် ကောင်းမယ်"ဟု အကြံပြုချက်ကို ကျွန်တော်များ စွာ အလေးအနက်ထား၍ စဉ်းစားခဲ့ပါသည် ။

မျှော်တလင့်လင့်သည် ဘာသာပြန်စာအုပ်ဖြစ်သည် ။ တစ်ချိန်က ဆရာကြီး ရွှေဥဒေါင်းသည် ဤစာအုပ်၏ အနှစ်ချုပ် သို့မဟုတ် အကျဉ်းချုပ် (Abridged) ကို ပြန်ဆို၍ ထုတ်ဝေခဲ့ဖူးသည် ။ မျှော်တလင့်လင့်သည် အပစ်အခတ် အသတ်အဖြတ်များ ပါဝင်သည့် သည်းထိတ်ရင်ဖိုဝတ္ထု မဟုတ်၊ လူတို့ ၏ စရိုက်ကို သဘောကျကျ ဖော်ကျူးထားသော ဝတ္ထု ဖြစ်သည် ။

ဤဝတ္ထုကြီးမျိုးကို ထုတ်ဝေရာ၌ ‘စေတနာအားနှင့် ငွေအား’ ကို ထည့်သွင်း၍ စဉ်းစားထားမှ ဖြစ်မည်။ ဤသို့ဖြင့် စာမူဘဝဖြင့် သက်တမ်း

ဆယ်နှစ်ကျော်မျှ ရှိနေပြီဖြစ်သော် မျှော်တလင့်လင့် စာမူသည် ၁၉၉၇ ခုနှစ်၊ ဩဂုတ်လထဲတွင် ပထမ ထုတ်ဝေသူ၏ လက်ထဲမှ ဒုတိယထုတ်ဝေသူ၏ လက်ထဲသို့ ကူးပြောင်းရောက်ရှိသွားခဲ့သည် ။

တကယ်တမ်း စဉ်းစားလိုက်သည့် အခါ စာအုပ်တစ်အုပ် ဖြစ်လာဖို့မှာ လွယ်လှသည် မဟုတ်ပါ။ အထူးသဖြင့် 'မျှော်တလင့်လင့်' လို အထူးစားစာအုပ်ကြီးတစ်အုပ် ဖြစ်လာရေးသည် အလွန်ခက်ခဲလှပါသည် ။ စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် ကုန်ကျစရိတ် ပမာဏသည် ယခင်ကနှင့် မတူပါ။ အဆမတန် တိုးတက်မြင့်မားလျက် ရှိပါသည် ။

စာအုပ်ထုတ်ဝေရေး လုပ်ငန်းကို လုပ်ရာ၌ စာပေမြတ်နိုးမှု ဟူသော ရည်မှန်းချက်တစ်ခုတည်းကို ရှေ့တန်းတင်၍ မရနိုင်ပါ။ ထိုရည်မှန်းချက် တစ်ခုတည်းကိုသာ ထား၍ အလုပ်လုပ်ကြမည်ဆိုပါက စာအုပ်ထုတ်ဝေရေးလုပ်ငန်းသည် ရေရှည်ခံနိုင်မည် မဟုတ်ပါ။ လုပ်ငန်းတစ်ခုလုပ်လျှင် ထိုက်သင့်သော အကျိုးခံစားမှုတစ်ခုကတော့ ရှိရပါမည်။ သို့မှ သာလျှင် ထိုလုပ်ငန်းသည် ရေရှည်ခရီးကို လျှောက်နိုင်မည် ဖြစ်ပါသည် ။

ထို့ကြောင့် လည်း ကျွန်တော်သည် 'မျှော်တလင့်လင့်' အတွက် စိတ်မအေးလှပါ။ ဒုတိယလူထံတွင် လည်း 'အဆင်မှ ချောပ့ါမလား' ဟု သံသယဝင်ခဲ့မိပါသည် ။ ကျွန်တော့် သံသယသည် မှန်နေပါသည် ။ မျှော်တလင့်လင့်သည် စာမူဘဝဖြင့် နောက်ထပ် သုံးလေးနှစ်မျှ ဝပ်နေခဲ့ရပြန်၏ ။ ထို့နောက် 'မထုတ်တော့ဘူး' ဟူသော အဖြေကို ရလာသည် ။

'မျှော်တလင့်လင့်' စာအုပ် ဖြစ်လာရေးကို ကျွန်တော် ထပ်မံ၍ စဉ်းစားရပြန်သည် ။ အလွန်ရင်းနှီးသူ သို့မဟုတ် ကျွန်တော့်အပေါ် အမှန်တကယ် ခင်မင်လေးစားသူ တစ်ဦးနှစ်ဦးဖြင့် ဆွေးနွေးတိုင်ပင်ရပြန်သည် ။ ဤသို့ 'မျှော်တလင့်လင့်' စာမူသည် ဒုတိယပုဂ္ဂိုလ်ထံမှ တတိယလူလ

က်တွင်းသို့ ကူးပြောင်းရောက်ရှိသွားခဲ့ရပြန်သည် ။ ထိုအချိန်တွင် မျှော်တလင့်လင့်၏ စာမူဘဝသက်တမ်းသည် ၁၆ နှစ်ကျော်ခဲ့လေပြီ။

## (၅)

'မျှော်တလင့်လင့်' ဝတ္ထုကြီးကို ရေးသားခဲ့သူမှာ အင်္ဂလိပ်စာပေသမိုင်းတွင် အထင်ရှား အကျော်ကြားဆုံးသော စာရေးဆရာကြီး ချားလ်စ်ဒစ်ကင်း (Charles Dicken) ဖြစ်သည် ။ သူ့အား ၁၈၁၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၏ မြို့ငယ်လေးတစ်မြို့ဖြစ်သော ပို့စ်မောက်မြို့၌ မွေးဖွားခဲ့သည် ။ သူ့ဖခင် ဂျွန်ဒစ်ကင်းသည် ရေတပ်လစာပေးဌာနစိတ်မှ စာရေးလေးတစ်ယောက် ဖြစ်၏။ သူ့ဖခင်သည် အသုံးအစွဲ အလွန်ကြီးသူဖြစ်၍ ဒစ်ကင်းမိသားစုမှာ အမြဲတစေ ငွေကြေးပြတ်လပ်မှုနှင့် ရင်ဆိုင်ကြရသည် ။

ချာလ်စ်ဒစ်ကင်း အသက် ၁၂ နှစ်အရွယ်တွင် သူ့ဖခင် ဂျွန်ဒစ်ကင်းသည် ကြွေးမဆပ်နိုင်သဖြင့် ထောင်ကျသွားသည် ။ ဤတွင် ချားလ်စ်ဒစ်ကင်းသည် မိသားစု၏ စားဝတ်နေရေး အဆင်ပြေမှုအတွက် အရွယ်နှင့်မလိုက်အောင် ပင်ပန်းကြီးစွာ အလုပ်လုပ်ခဲ့ရ၏။ ပင်ကိုကတည်းက စာပေဝါသနာကြီးခဲ့သော သူ့ဖခင် ဂျွန်ဒစ်ကင်းသည် ထောင်ထဲ၌ နေစဉ်အတွင်း လက်ရေးတိုပညာကို သင်ယူတတ်မြောက်လာခဲ့ရာမှ ထောင်မှ လွတ်လာသည့် အခါ သူသည် ပါလီမန်သတင်းထောက်အလုပ်ကို ဝင်လုပ်ပြီး သူ့ဘဝသူ ပြန်လည်ထူထောင်နိုင်ခဲ့လေသည် ။

ဂျွန်ဒစ်ကင်းသည် ကျောင်းထွက်ပြီး အလုပ်လုပ်နေရသော ချားလ်စ်ဒစ်ကင်းအား ကျောင်းပြန်ထားသည် ။ ချားလ်စ်ဒစ်ကင်းသည် ကျောင်း

သားအဖြစ် နှစ်နှစ်မျှ နေခဲ့ပြီးနောက် အသက် ၁၇ နှစ်အရွယ်တွင် ကျောင်းမှ ထွက်လိုက်ကာ ရှေ့နေရုံးတစ်ရုံး၌ စာရေးဝင်လုပ်သည် ။ အသက်နှစ်ဆယ်တွင် ညနေထုတ် သတင်းစာတစ်စောင်၌ သတင်းထောက် ဝင်လုပ်သည် ။ ထိုအချိန်မှ စ၍ သူသည် သတင်းရေးရာ၌ ထူးချွန်သူတစ်ဦးအဖြစ် ထင်ရှားကျော်ကြားလာခဲ့လေသည် ။

ထို့နောက် သူသည် သူ လုပ်ဖော်ကိုင်ဖက် သတင်းစာသမားတစ်ဦး၏ သမီး 'ကိတ်ဟိုဂတ်သ်' (Kate Hogath) နှင့် အိမ်ထောင်ပြုခဲ့သည် ။ အိမ်ထောင်သည် ဖြစ်လာချိန်မှ စ၍ သူသည် ဝတ္ထုများ စတင်ရေးသားခဲ့သည် ။ ပရိသတ်ကလည်း သူ့ဝတ္ထုများကို အလွန်စွဲလမ်းနှစ်သက်ကြသဖြင့် ဒစ်ကင်းသည် ဝတ္ထုများကို အဆက်မပြတ် ရေးခဲ့သည် ။ စက်နှင့် လှည့်ထုတ်သလို ထွက်လာနေသော သူ့ဝတ္ထုများ သည် တဖြည်းဖြည်းနှင့် အမေရိကနှင့် ဥရောပနိုင်ငံများကပါ နှစ်သက်သော ဝတ္ထုများ ဖြစ်လာခဲ့လေ၏။

ထိုအချိန်က သူ့လက်ရာဖြစ်သော 'ဘော့ဇ်၏ စာကြမ်း Sketches of Boz'၊ 'ပစ်ခ်ဝစ်စာတမ်းများ Pick Wick Papers'၊ 'အိုလီဗာတွစ်စ် Oliver Twist'၊ 'နီကိုလပ်စ် နစ်ကယ်လ်ဘီ Nicholas Bickleby'၊ 'ရှေးဟောင်းပစ္စည်း အရောင်းဆိုင် The Old Curio Shop' စသော ဝတ္ထုများ ဖြစ်လာခဲ့သည် ။

ထိုကာလ၏ နောက်ပိုင်း ရေးသားခဲ့သည့် ဝတ္ထုများ အနက် 'ဒေးဗစ်ကောပါးဖီးလ် David Copperfield'၊ 'ဒွန်ဘီနှင့် သား Dombey and Soin'၊ 'မလုံခြုံသည့် အိမ် Bleak House'၊ 'ခေတ်ဆိုးခေတ်ကျပ် Hard Time' စသော ဝတ္ထုမှာ လည်း လူကြိုက်များ ပြီး ထင်ရှားကျော်ကြားသည့် စာအုပ်များ ဖြစ်လာခဲ့သည် ။ ယင်းသို့ အောင်မြင်ကျော်ကြားနေချိန် ၁၈၅၈ ခု

နှစ်တွင် ချားလ်စ်ဒစ်ကင်းသည် သူ့ဇနီး ကိတ်ဟိုဂတ်သ်နှင့် ကွဲသွားခဲ့သည် ။

ဇနီးနှင့် လမ်းခွဲပြီးနောက် ချားလ်စ်ဒစ်ကင်းသည် 'မြို့နှစ်မြို့၏ ပုံပြင် A Tale Of Two Cities'၊ 'မျှော်တလင့်လင့် Great Expectaions' စသော ဝတ္ထုကြီးများကို ရေးသားခဲ့၏။ ယင်းဝတ္ထုကြီးများမှာ လည်း အလွန်လူကြိုက်များ သော ဝတ္ထုများ ဖြစ်ခဲ့သည် ။ အထူးသဖြင့် ခေတ်ဆိုးခေတ်ပျက်ကာလအတွင်းက လန်ဒန်မြို့နှင့် ပါရီမြို့ နှစ်မြို့၏ အခြေအနေများကို ရေးဖွဲ့ထားသော မြို့နှစ်မြို့၏ ပုံပြင်သည် ထူးခြားသော ဝတ္ထုအဖြစ် ပရိသတ်ကရော စာပေပညာရှင်များကပါ အသိမှတ် ပြုခဲ့ကြသည် ။

ချားလ်စ်ဒစ်ကင်းသည် ဝတ္ထုများကို ရေးရာ၌ ဇာတ်လမ်းဇာတ်ကွက် ကောင်းကောင်း နှင့် ဖတ်ကောင်းရုံ သက်သက်မျှသာ ရေးလေ့ရှိသူ မဟုတ်၊ သူ့ခေတ်က သူ့နိုင်ငံ၌ တည်ရှိနေသော ဝေဖန်သုံးသပ်စရာနှင့် ပြုပြင်စရာ လူမှုအနိဋ္ဌာရုံများကိုပါ ထည့်သွင်းရေးသားလေ့ ရှိ၏။ တကယ်တော့ ချားလ်စ်ဒစ်ကင်းသည် ငယ်ရွယ်စဉ်ကတည်းက အလွန်ဆင်းရဲခဲ့သူ ဖြစ်၏။ ကြွေးပတ်လည် အဝိုင်းခံနေရသော မိသားစုတစ်ခုလုံးကို ရရာအလုပ်များ လုပ်၍ ထောက်ပံ့ကျွေးမွေးနေခဲ့ရသူလေး ဖြစ်သည် ။

သို့ဖြစ်၍ လည်း ချားလ်စ်ဒစ်ကင်းသည် လက်လုပ်လက်စား ဆင်းရဲသားနှင့် အဖိနှိပ်ခံ လူတန်းစားများ အပေါ်၌ ကိုယ်ချင်းစာသည် ။ ကရုဏာထားသည် ။ ဤသဘောများကို သူ့ဝတ္ထုတိုင်းတွင် မြင်တွေ့နေရတတ်သည် ။

'မျှော်တလင့်လင့်' ကို ချားလ်စ်ဒစ်ကင်း၏ ထူးခြားသည့် လက်ရာကောင်းတစ်ပုဒ်ဟု စာပေပညာရှင်များက ဝေဖန်သုံးသပ်ကြသည် ။ သာ

မန်အားဖြင့် ကြည့်မည်ဆိုပါက ဒစ်ကင်းသည် မျှော်တလင့်လင့်ကို ရွေးဖွဲ့ရာ၌ အစ်မနှစ်ယောက်ကို အားကိုးပြု၍ နေရရှာသော မိဘမဲ့ 'ပစ်ပ်' အား အဓိကဇာတ်ဆောင်အဖြစ် ထား၍ သရုပ်ဖော်သည် ဟု ယူဆဖွယ်ရှိ၏။ သို့သော်လည်း ဝတ္ထုတစ်ပုဒ်လုံးကို ဂရုထား၍ ဖတ်သွားသည့်အခါ ထိုအယူအဆသည် အတိအကျ မှန်ပါသည် ဟု ပြော၍ မရ ဖြစ်လာသည် ။

ပစ်ပ်အား ဗဟိုထား၍ ပစ်ပ်နှင့် ဆက်စပ်ပတ်သက်နေသော ဇာတ်ကောင်များကို မျှော်တလင့်လင့် ဝတ္ထုကြီးထဲ၌ အများ အပြား တွေ့ရ၏။ ထိုဇာတ်ကောင်အားလုံးသည် သူ့စရိုက်နှင့် သူ ပီပြင်ထင်ရှားနေရုံမျှမက အားလုံးပင် စိတ်ဝင်စားစရာတွေချည်း ဖြစ်နေသည် ။ အားလုံးပင် စိတ်ပျက်စရာတွေချည်း ဖြစ်နေသည် ။ အားလုံးပင် ရွံရှာစက်ဆုပ်စရာတွေချည်း ဖြစ်နေသည် ။ အားလုံးပင် ရယ်စရာတွေချည်း ဖြစ်နေသည် ။ အားလုံးပင် ကိုယ်ချင်းစာစရာတွေချည်း ဖြစ်နေသည် ။ အားလုံးပင် ချစ်စရာကောင်း၍ အားလုံးပင် သနားစရာကောင်းသော အားလုံးပင် မုန်းစရာတွေချည်း ဖြစ်နေပေသည် ။

ချားလစ်စ်ဒစ်ကင်းသည် အသက် ၁၅ နှစ်အရွယ်တွင် ရှေ့နေရုံးတစ်ရုံး၌ စာရေးလုပ်ခဲ့ဖူးသည် ။ ထိုစဉ်က သူသည် တရားရုံးသို့ ရောက်လာသူများအား အမြဲတစေ စောင့်ကြည့်နေလေ့ ရှိသည် ။ ထိုလူများ ၏ ထူးခြားသော အပြောအဆို၊ အပြုအမူနှင့် ရုပ်လက္ခဏာများကို သူ့အိတ်ဆောင် မှတ်စုစာအုပ်လေးထဲ၌ ရေးမှတ်ထားတတ်သည် ။ ယင်းအလေ့အထကြောင့် ပေလား မသိ။ မျှော်တလင့်လင့်ထဲမှ 'ပစ်ပ်' အပါအဝင် ဇာတ်ကောင်အားလုံး၏ အမူအကျင့်နှင့် စရိုက်များ သည် အလွန်ပီပြင် ပေါ်လွင်လျက် ရှိသည် ကို တွေ့ရလေသည် ။

အမှန်သော် ‘မျှော်တလင့်လင့်သည် မြန်မာစာဖတ်ပရိသတ်နှင့် စိမ်းသောစာအုပ် မဟုတ်ပါ။ လွန်ခဲ့သော နှစ်ပေါင်း ၅၂ နှစ်ခန့်က ဆရာကြီး ရွှေဥဒေါင်း ဘာသာပြန်ပြီး ရှုမဝစာအုပ်တိုက်မှ စာအုပ်အမှတ် ၃၉ အဖြစ် ထုတ်ဝေခဲ့ဖူးသည် ။ ထိုစဉ်က ဆရာကြီးသည် အချိန်အခါနှင့် အခြေအနေကို ကြည့်၍ ၊ မျှော်တလင့်လင့် အနှစ်ချုပ် (အကျဉ်း) ကို ပြန်ဆိုခဲ့သည် ’ ဟု ယူဆရပါသည် ။

ထိုစဉ်က ထိုစာအုပ်တွင် ဆရာကြီး ရေးသားခဲ့သော နိဒါန်း (အမှာစာ) ၌ အလွန်မှတ်သားဖွယ်ကောင်းသည့် ဆရာကြီး၏ အယူအဆများကို ကျွန်တော်တို့ ဖတ်ရှုခဲ့ကြရသည် ။ ဆရာကြီးက...

"အနောက်တိုင်းပြည်များ ၌ စာအုပ်ကောင်းတစ်အုပ် (ဝတ္ထုများ လည်း ပါသည် ၊ ပေါ်ထွက်လာသည့် အခါ အတိုင်းတိုင်း အပြည်ပြည်တို့ တွင် ဘာသာအမျိုးမျိုးတို့ ဖြင့် ပြန်ဆိုရိုက်နှိပ်သော စာအုပ်များ လည်း မရေးမနှောင်း ဟူသကဲ့သို့ ပေါ်ထွက်တတ်ကြသည့် အလျောက် တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည်တို့ သည် မည်သည့် ပညာရပ်တွင် မဆို ရင်ပေါင်တန်းလျက် တိုးတက်ကြကုန်၏။"

‘မြန်မာပြည်၌ ကား ဓာတ်ကျမ်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်း အစရှိသော ရေးခေတ်ပညာများကို အိန္ဒိယပြည်မှ အထိုက်အလျောက် ဘာသာပြန်ဆိုခဲ့ကြသော်လည်း အနောက်တိုင်းမှ ခေတ်ပညာရှင်များကို ဘာသာပြန်သူ အလွန်နည်းပါးသေးသည့် အလျောက် အင်္ဂလိပ်စာမတတ်လျှင် ခေတ်ပညာကို မတတ်ရတော့သလောက် ဖြစ်နေရသည် မှာ လွန်စွာ

ဝမ်းနည်းဖို့ ကောင်း၏ " ဟု လည်းကောင်း...

"ကျွန်ုပ်တို့ ပြန်ဆိုခဲ့သော ဝတ္ထုများ နှင့် စွန့်စားခြင်းဟု ဆိုအပ်သည့် အသည်းနှလုံး တုန်လှုပ်ဖွယ်သော အဖြစ်အပျက်များ ပါဝင်သည့် ဝတ္ထုမျိုးတို့ သာလျှင် များ ခဲ့၏။ ၎င်းဝတ္ထုမျိုးမှာ စာဖတ်သူတို့ ၏ စိတ်ဓာတ်ကို ဆွဲဆောင်နိုင်၍ စိတ်ပါဝင်စားရန် လွယ်ကူသော်လည်း စင်စစ်အားဖြင့် လူ၏ သဘာဝကို နက်နဲစွာ ဖော်ပြခြင်းဟူ၍ နည်းပါးလှသောကြောင့် တစ်နည်းအားဖြင့် ငယ်ရွယ်နုနယ်၍ စာဖတ်ဝါ မရင့်သေးသည့် လူငယ်များ အကြိုက်ဟု ဆိုရပေမည်။

ဤ 'မျှော်တလင့်လင့်' ဝတ္ထုမှာ ကမ္ဘာကျော် ဝတ္ထုရေးဆရာကြီး ချားလ်စ်ဒစ်ကင်း၏ ဝတ္ထုများ အနက် အကောင်းဆုံးအုပ်ဖြစ်သည့် အပြင် လူငယ်ကြိုက် စွန့်စားခြင်းဆိုင်ရာ အဖြစ်အပျက်များ သာမက လူ၏ သဘောကို နှိုက်နှိုက်ချွတ်ချွတ် ကုပ်ကုပ်ကပ်ကပ် လတ်လတ်ဆတ်ဆတ် ရှင်ရှင်လန်းလန်း ဖော်ပြရာတွင် ပြိုင်ဘက်မရှိသလောက် မှတ်ယူကြရသော ဆရာကြီးတစ်ဦး၏ လက်ရာလည်း ဖြစ်ပေ၏။

'ဤစာအုပ်မျိုးမှာ ရင်ဖိုလှိုက်ခြင်းသက်သက် ဖြစ်စေသည့် စွန့်စားခြင်းဆိုင်ရာ စာအုပ်မျိုးတို့ ထက် အဆင့်အတန်းမြင့်သည် မှာ မှန်သော်လည်း စာဖတ်ပရိသတ် အဆင့်အတန်း မြင့်တက်လာသော ယခုခေတ်အခါတွင် အရသာခံနိုင်လောက်ပြီဟု ယူဆသည့် အလျောက် အစမ်းသဘောဖြင့် ပြန်ဆိုရေးသားခဲ့ခြင်း ဖြစ်ပါသတည်း' ဟု လည်းကောင်း ရေးသားခဲ့လေသည် ။

စာမူဘဝဖြင့် သက်တမ်းတစ်ဆယ့်ခြောက်နှစ်ကျော်မျှ ကြာခဲ့ပြီဖြစ်သော ‘မျှော်တလင့်လင့်’ သည် ‘စိတ်ကူးချိုချို အနုပညာ’ မှ ထွက်လာခဲ့ပြီဖြစ်သည် ။ ကျွန်တော် မည်မျှအထိ ဝမ်းသာသည် ကို ဖော်ပြနိုင်စွမ်း မရှိပါ။

ကျွန်တော့်အနေဖြင့် ‘မျှော်တလင့်လင့်’ သည် ကျွန်တော် အသက်ထင်ရှားရှိစဉ်အတွင်း တစ်နေ့နေ့ တစ်ချိန်ချိန်၌ ထွက်လာလိမ့်မည်ဟု မျှော်လင့်ထားခဲ့၏။ ထိုမျှော်လင့်ချက်သည် ယခုအခါတွင် ပြီးပြည့်စုံခဲ့ပြီ ဖြစ်သည် ။ ဤအတွက် ကျွန်တော်သည် ‘စိတ်ကူးချိုချို အနုပညာ’ အား များစွာ ကျေးဇူးတင်ပါသည် ဟု ပြောပါရစေ။

မောင်ထွန်းသူ<br>၂၀၀၂၊ နိုဝင်ဘာ ၂၅

***

# အပိုင်း (၁)

## (၁)

ကျွန်တော့်အဖေဘက်မှ ဘိုးစဉ်ဘောင်ဆက် မှ ညွှဲခေါ်ခဲ့ကြသည့် မိသားစုအမည်မှာ 'ပီရစ်ပ်' ဖြစ်၍ ကျွန်တော့်အမည်မှာ 'ဖီးလစ်ပ်' ဖြစ်သော်လည်း ကျွန်တော်၏ ကလေးများ သည် ထိုအမည်နှစ်ခုစလုံးကို ပီသအောင် မခေါ်နိုင်ခဲ့ပါ။ ပစ်ပ် ဟူသော စကားလုံးထက် ပို၍ ရှည်အောင်၊ ပို၍ ပီသအောင် အသံမထွက်နိုင်ခဲ့ပါ။ ဤသို့ဖြင့် ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် ပစ်ပ်ဟု ခေါ်ခဲ့မိရာမှ ကျွန်တော့်အမည်သည် 'ပစ်ပ်' ဖြစ်လာခဲ့ရပါ၏။

ပီရစ်ပ်ဟူသော အမည်သည် ကျွန်တော့်အဖေ၏ မိသားစု အမည်ဟု ကျွန်တော် ပြောခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ။ ထိုအမည်နှင့် ပတ်သက်၍ ပြောရေးဆိုခွင့် ရှိကြသော ကျွန်တော့်အဖေ၏ မြေပုံပေါ် စိုက်ထူထားသည့် ကမ္ပည်းကျောက်စာတိုင်ပေါ်မှ စာတန်းနှင့် ပန်းပဲသမားတစ်ယောက်နှင့် လက်ထပ်ခဲ့သော ကျွန်တော့်အစ်မ မစ္စက် ဂျိုးဂါဂရီတို့ ကို အမှီသဟဲပြု၍ ပြောခြင်းဖြစ်ပါ၏။ ကျွန်တော်သည် အဖေနှင့် အမေကို လုံးဝ မြင်ဖူးခဲ့သူ မဟုတ်ပါ။ သူတို့ ခေတ်က ဓာတ်ပုံပညာ မပေါ်သေးသဖြင့် သူတို့ ရုပ်ရည်နှင့် တူသော အရာဆို၍ ဘာတစ်ခုမှ

မမြင်ဖူးခဲ့ပါ။ သူတို့ ၏ ရုပ်အဆင်းအင်္ဂါ ပုံသဏ္ဍာန်နှင့် ပတ်သက်၍ ကျွန်တော့်စိတ်ကူးထဲ၌ ပထမဆုံး ပေါ်လာသမျှမှာ သူတို့ ၏ မြေပုံပေါ်မှ ကျောက်စာတိုင်များ နှင့် အဓိပ္ပာယ်ကင်းမဲ့စွာ ဆက်စပ်လျက်ရှိနေကြပါသည် ။ အဖေ့မြေပုံပေါ်ရှိ ကျောက်စာတိုင်မှ စာလုံးများ သည် ကျွန်တော့်စိတ်အတွင်းသို့ ထူးဆန်းသော စိတ်ကူးတစ်ခုကို ဝင်လာစေခဲ့သည် ဖြစ်ရာ ကျွန်တော့်အဖေသည် ကျွန်တော့်မျက်စိထဲတွင် မည်းနက်ခွေလိပ်သော ဆံပင်များ နှင့် စတုရန်းပုံ လေးထောင့်စပ်စပ်၊ တုတ်တုတ်ခိုင်ခိုင်၊ နက်မှောင်မှောင် ဖြစ်နေပါသည် ။ ‘အထက်ပါ ပုဂ္ဂိုလ်၏ ဇနီး ကျော်ကြီးယားနားသည် …’ ဟူသော စာလုံးများကို ကြည့်၍ ဖြစ်ပေါ်လာသည့် စိတ်ကူးအရဆိုလျှင် ကျွန်တော့်အမေသည် မျက်နှာတွင် အစက်အပြောက်များ ရှိပြီး ဖြူရော်ရော် ဖျော့ဖျော့တော့တော့နှင့် ချူချာသည့် ပုံမျိုး ဖြစ်နေပါသည် ။ အဖေနှင့် အမေတို့ ၏ မြေပုံများ အနီးတွင် အလျားတစ်ပေခွဲခန့်စီ ရှည်လျားသော ကျောက်တုံးငါးတုံးသည် တန်းစီလျက် ရှိကြ၏။ ယင်းတို့ မှာ အလွန်အမင်း လှုပ်ရှား ရုန်းကန်နေရသော ဤကမ္ဘာလောကကြီးအတွင်း၌ အသက်ရှင်၍ နေရန် ကြိုးပမ်းအားထုတ်ခြင်း မပြုတော့ဘဲ စောစောစီးစီး ဘဝစွန့်သွားကြရှာသော ကျွန်တော့်အစ်ကို ငါးယောက်၏ အထိမ်းအမှတ် ကျောက်တုံးများ ဖြစ်ကြလေသည် ။ ထိုကျောက်တုံးများ ၏ ပုံပန်းသဏ္ဍာန်ကိုကြည့်၍ သူတို့ အားလုံးသည် သူတို့ ၏ ဘောင်းဘီအိတ်များ တွင် လက်နှိုက်၍ ပက်လက်မွေးဖွားလာကြပြီး လူ့ဘဝထဲ ရောက်လာသည် အထိ လက်များကို အပြင်သို့ မထုတ်ကြတော့ဘဲ ပြန်လည် ထွက်ခွာသွားကြသည် ဟု ကျွန်တော့်စိတ်က ထင်နေမိပါသည် ။

ကျွန်တော်တို့ အရပ်ဒေသသည် ပင်လယ်ပြင်နှင့် မိုင်နှစ်ဆယ်ခန့်ကွာဝေးသည် ။ မြစ်ကြီးတစ်ခုသည် ဒေသအတွင်း၌ ကွေ့ကွေ့ကောက်

ကောက် စီးဆင်းလျက် ရှိသဖြင့် စိမ့်မြေများ အလွန်ပေါများ ပြီး ရွှံ့နွံများ ထူထပ်လှ၏။ ဤဒေသနှင့် ပတ်သက်၍ ကျွန်တော် ပထမဦးဆုံး ပြက်ပြက်ထင်ထင် မှတ်မိနေသည့် အရာမှာ ရာသီဥတု အလွန်အေးမြသော နေ့တစ်နေ့၏ ညနေစောင်း အချိန်တစ်ချိန် ဖြစ်သည် ။ ထိုအချိန်က ကျွန်တော် ရောက်နေသည့် နေရာမှာ အလွန်ငြိမ်သက်တိတ်ဆိတ်ပြီး ဖက်ယားပင်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသော သင်္ချိုင်းကုန်း ဖြစ်သည် ။ ဖီးလစ်ပီးရစ်ပ် အမည်ရှိ ကျွန်တော့်အဖေနှင့် အထက်ပါပုဂ္ဂိုလ်၏ ဇနီး ဂျော်ဂျီးယား ဟူသော ကျွန်တော့်အမေတို့ သည် သေဆုံးကုန်ကြပြီဖြစ်၍ မြေကြီးထဲ အမြှုပ်အနှံခံထားရသည့် အဖြစ်ကိုလည်းကောင်း၊ နို့စို့ကလေးဘဝကတည်းက သေဆုံးသွားကြရာသော အလက်ဇင်းဒါး၊ ဆညဆိုလိုမြူး၊ အေဘရာဟမ်၊ တိုဘီယားစ်နှင့် ရိုဂျာ အစ ရှိသော ကျွန်တော့်အစ်ကို အားလုံး မြေကြီးအောက် ရောက်နေသည့် အဖြစ်ကိုလည်းကောင်း ကောင်းစွာ နားလည် သဘောပေါက်နေမိသည် ။ သင်္ချိုင်းကုန်းမှ မျှော်ကြည့်လိုက်လျှင် အလွန်အလှမ်းကွာဝေးသောနေရာမှ တောအုပ်မည်းမည်းကို မြင်နေရ၏။ တောအုပ်နှင့် သင်္ချိုင်းကို ပိုင်းခြားထားသည့် တာရိုးတာတမံများ ၊ မြေကတုတ်များ နှင့် ရေလွှဲတံခါးများ တည်ရှိရာ မြေအပြင်သည် စိမ့်မြေများ လွှမ်းလျက် ရှိသည် ။ ထိုမြေပေါ်တွင် သိုး၊ နွားများ သည် ဟိုတစ်အုပ် သည် တစ်အုပ် ဖြန့်ကာ အစာစားလျက် ရှိကြ၏။ တောအုပ်၏ တစ်ဖက်ရှိ အလှမ်းအလွန် ဝေးကွာသည့် နေရာမှ ခဲရောင်သန်းနေသော အရာသည် မြစ်ဖြစ်၍ ထိုမြစ်ထက်ပို၍ ဝေးသော နေရာတွင် မူ ပင်လယ်ပြင်သည် တည်ရှိ၏။ ထိုပင်လယ်ပြင်ပေါ်မှ ဖြတ်သန်းတိုက်ခတ်လာနေသော လေသည် သင်္ချိုင်းကုန်းဘက်သို့ အရှိန်အဟု န် ပြင်းစွာဖြင့် ပြေးလာလျက် ရှိလေသည် ။ ဤအချိန်၊ ဤအခါမျိုးတွင် သင်္ချိုင်းကုန်းထဲ၌

တစ်ယောက်တည်း ရပ်၍ ပတ်ဝန်းကျင်ကို ငေးမျှော်နေသော ကျွန်တော်သည် ကြောက်ရွံ့ထိတ်လန့်စိတ် ဝင်ကာ ဝမ်းနည်းပက်လက် ငိုကြွေးနေပါသည် ။

"ဟော့ ကောင်လေး၊ မင်း ပါးစပ်ကို ပိတ်ထားစမ်း" ကျွန်တော်ငိုကြွေးနေသည့် အခိုက်မှာ ပင် အလွန်ကြောက်မက်ဖွယ်ရာကောင်းသည့် အသံကြီးတစ်သံကို ကြားလိုက်ရသည် ။ အသံနှင့် အတူ ဘုရားရှိခိုးကျောင်းအဝင် စမုတ်ဆောင်ဘက်ရှိ မြေပုံများကြားမှ လူကြီးတစ်ယောက် ဘွားခနဲ ထ၍ ရပ်လိုက်သည် ကို မြင်လိုက်ရသည် ။

"အသံမထွက်နဲ့ သူရဲလေး၊ လည်ပင်းဖြတ်ပစ်လိုက်မယ်"

အလွန်ကြောက်စရာကောင်းသည့် လူကြီးတစ်ယောက် ဖြစ်သည် ။ သူ့ကိုယ်တွင် ထူထဲကြမ်းတမ်းသော မီးခိုးရောင်အဝတ်များ ဝတ်ထားပြီး ခြေတစ်ဖက်တွင် သံခြေချင်းကြီး ခတ်ထားသည် ။ သူ့ခေါင်းတွင် ဦးထုပ်ဆောင်းမထားဘဲ အဝတ်ဟောင်းကြီးတစ်ထည် ပတ်ထားသည် ။ စီးထားသည့် ဖိနပ်များမှာ လည်း စုတ်ပြတ်ပေါက်ပြဲလျက် ရှိကြ၏။ ရေထဲစိမ်လာသည့် လူတစ်ယောက်သဖွယ် တစ်ကိုယ်လုံး ရွှဲရွဲစိုလျက် ရှိသည် ။ ရွံ့စက်များမှာ လည်း ရစရာမရှိအောင် ပေကျံလျက် ရှိ၏။ ကျောက်တုံးကျောက်ခဲများ ၊ ဆူးချုံများ ဖြင့် တိုက်မိခြစ်မိထားသည့် ဒဏ်ရာဒဏ်ချက် အပွန်းအပဲ့များမှာ လည်း ဗရပွ...။ သူ့တစ်ကိုယ်လုံးမှာ ခိုက်ခိုက်တုန်လျက် ရှိသည် ။

ကျွန်တော့်အား စိန်းစိန်းကြီး စိုက်၍ ကြည့်နေသော သူ့မျက်လုံးများသည် အရောင်တဖျပ်ဖျပ် တောက်လျက် ရှိကြ၏။ သူသည် ကျွန်တော့်ဆီသို့ ထော့ကျိုးထော့ကျိုး လျှောက် လာပြီး မေးစေ့ကို မော့ကာ ချုပ်ကိုင်ထားသည် ။ တဆတ်ဆတ် လှုပ်နေသော သူ့နှုတ်ခမ်းများ ဆီမှ မေးချင်း

ရိုက်သံကိုပင် ကျွန်တော် ကြားနေရပါသည်။

"မလုပ်ပါနဲ့ ဗျာ၊ ကျွန်တော့်လည်ပင်းကိုတော့ မဖြတ်ပါနဲ့ " ဟု ကျွန်တော်က ကြောက်ကြောက်လန့်လန့်ဖြင့် ပြောမိသည်။ "ကျွန်တော် ရှိခိုးပါတယ်ဗျာ"

ပြောစမ်း၊ မင်းနာမည် ဘယ်သူလဲ" ဟု လူကြီးက မေးသည်။

"ပြောလေကွာ၊ မြန်မြန်"

"ပစ်ပ်ပါ၊ ခင်ဗျာ"

"ထပ်ပြောဦး" ဟု လူကြီးက ကျွန်တော့်ကို ပြူးတူးပြဲတဲ ကြည့်ကာ ထပ်မေးသည်။ "ကျယ်ကျယ် ပြောကွ၊ ကျယ်ကျယ်..."

"ပစ်ပ်... ပါ၊ ပစ်ပ်လို့ ခေါ်ပါတယ် ခင်ဗျာ"

"မင်း ဘယ်မှာ နေသလဲ၊ မင်းနေတဲ့ နေရာကို လက်ညှိုးထိုးပြစမ်း"

ကျွန်တော်က သင်္ချိုင်းကုန်းနှင့် တစ်မိုင်၊ တစ်မိုင်သာသာခန့် ကွာဝေးမည်ဟု ထင်ရသော မြေနိမ့်ပိုင်းထဲမှ သစ်ပင်အုပ်အုပ်များ အောက် ရှိနေသည့် ကျွန်တော်တို့ ရွာဆီသို့ လက်ညှိုးထိုး ပြလိုက်ပါသည်။

လူကြီးသည် ကျွန်တော့်မျက်နှာကို တစ်ခဏမျှ စိုက်ကြည့်နေပြီးနောက် ကျွန်တော့် ခြေထောက် နှစ်ချောင်းကို ဖျတ်ခနဲ ဖမ်းကိုင်ပြီး လူတစ်ကိုယ်လုံးကို ဇောက်ထိုးထားလိုက်ကာ အိတ်ကပ်များ အတွင်းမှ ရှိရှိသမျှ ပစ္စည်းများ ထွက်ကျလာအောင် ခါယမ်းလျက် ရှိသည်။ တကယ်တော့ ကျွန်တော့်အိတ်ကပ်ထဲတွင် ပေါင်မုန့်တစ်ဖဲ့မှ လွဲ၍ အခြား ဘာတစ်ခုမှ မရှိပါ။ လူကြီးလုပ်လိုက်ပုံမှာ မြန်ဆန်လွန်းအားကြီးသဖြင့် ကျွန်တော့်မျက်စိရှေ့မှ ဘုရားရှိခိုးကျောင်းသည် ဖြုန်းခနဲ ဇောက်ထိုးမိုးမျှော် ဖြစ်သွားပြီး ဘုရားရှိခိုးကျောင်း၏ ခေါင်မိုး အချွန်အတက်များ သည် ကျွ

န်တော့်ခြေထောက်များ အောက်သို့ ရောက်သွားကြပါသည် ။ နောက်တစ်ခဏ အတွင်းမှာ ပင် ဘုရားရှိခိုးကျောင်းသည် ပုံမှန်အနေအထားအတိုင်း ပြန်ဖြစ်သွားသည် ။ သူသည် ကျွန်တော့်အား သင်္ချိုင်းဂူတစ်ခုပေါ်သို့ ပြန်ချထားလိုက်ပြီး စောစောက ကျွန်တော့်အိတ်ထဲမှ ထွက်ကျခဲ့သည့် ပေါင်မုန့်စကို ကသောကမျော ကောက်ယူကာ အငမ်းမရ စားလျက် ရှိလေသည် ။

"ဟေ့ ခွေးကောင်လေး" လူကြီးသည် သူ့နှုတ်ခမ်းများကို လျှာနှင့် ထိုး၍ လျက်နေရာမှ လှမ်းပြောသည် ။ "မင်းပါးတွေက ဖောင်းနေတာပဲ "

ထိုအချိန်က ကျွန်တော်သည် ကျွန်တော့်အသက်နှင့် စာလိုက်လျှင် များ စွာကြုံလှီသေးကွေးပြီး သန်သန်မာမာ မဟုတ်သော်လည်း ပါးနှစ်ဖက် ဖောင်းနေသည် မှာ တော့ မှန်လိမ့်မည်ဟု ယုံကြည်မိပါသည် ။

"အဲဒီပါးတွေကို ငါ စားလို့ မရတာတစ်ခုကတော့ ဆိုးသကွာ" လူကြီးက သူ့ခေါင်းကြီးကို ယမ်း၍ ပြောသည် ။ "တကယ်လိုများ ကိုက်စားလို့ သာရရင် ဘယ်လောက်ကောင်းလိုက်မလဲ... ဟင်း"

"ကျွန်တော့်ကိုတော့ ကိုက်မစားပါနဲ့ " ဟု ကျွန်တော်က ကြောက်လန့်တကြား တောင်းပန်မိသည် ။ ကျွန်တော်သည် ကြောက်ကြောက်လန့်လန့်ဖြင့် အုတ်ဂူကို တအား ဖက်တွယ်ထားမိသည် ။ ယင်းကဲ့သို့ ဖက်တွယ်ထားမိခြင်းမှာ အုတ်ဂူပေါ်မှ လျောကျမသွားစေရန်နှင့် မငိုမိစေရန်အတွက် ဖြစ်သည် ။

"ဟေ့ကောင်လေး၊ ဒီမှာ ကြည့်စမ်း၊ မင်းအမေကော... ဘယ်မှာ လဲ ဟင်" ဟု လူကြီးက မေးသည် ။

"ဟိုမှာ ပါခင်ဗျာ"

လူကြီးသည် ဆတ်ခနဲ ဖြစ်သွားပြီး နောက်သို့လှည့်၍ ထွက်ပြေးသည် ။ ခပ်လှမ်းလှမ်းရောက်မှ ဖျတ်ခနဲ ရပ်လိုက်ပြီး နောက်သို့ တစ်ချက်လှည့်ကြည့်သည် ။

"ဟိုမှာ ပါခင်ဗျာ" ကျွန်တော်က တွန့်ဆုတ်ဆုတ်အသံဖြင့် ထပ်ပြောမိသည် ။ "၎င်း၏ ဇနီး... ဂျော်ဂျီယားနားဆိုတာ ကျွန်တော့်အမေပါ"

"သြော်..." လူကြီးသည် တစ်ခွန်းမျှ ရေရွတ်လိုက်ပြီး နောက်သို့ ပြန်လျှောက်လာသည် ။ "ဒီလိုဆိုရင် မင့်အမေဘေးက ကပ်လျက်မြေပုံဟာ မင့်အဖေပေါ့။ ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ သူလည်း သေသွားပါပြီ"

"သြော်..." သူသည် နောက်တစ်ခွန်း ထပ်၍ ရေရွတ်လိုက်ပြီး စဉ်းစားနေသည် ။ "ဒီလိုဆို... မင့်အခု ဘယ်သူနဲ့ နေသလဲ၊ အဖေ အမေ မရှိတော့ဘူးဆိုရင် ဒီလောကကြီးထဲမှာ မင့်ကို ဘယ်သူကများ ကြင်ကြင်နာနာနဲ့ အသက်ရှင်ခွင့် ပြုမှာ တဲ့ လဲကွာ၊ ငါဖြင့် စဉ်းစားလို့ မရပေါင်ကွာ"

"ကျွန်တော့်အစ်မနဲ့ နေပါတယ်ခင်ဗျာ၊ မစ္စက်ဂျိုးဂါဂရီလို့ ခေါ်ပါတယ်၊ ပန်းပဲသမား ဂျိုးဂါဂရီရဲ့ မိန်းမပါ"

"ပန်းပဲသမား... ဟုတ်လား" ဟု ရေရွတ်ပြီး သူ့ခြေထောက်ကို ငုံ့ကြည့်သည် ။

သူသည် အလွန်စိတ်ရှုပ်ထွေးသည့် မျက်နှာထားဖြင့် သူ့ခြေထောက်ကို ငုံ့ကြည့်၊ ကျွန်တော့်မျက်နှာကို မော့ကြည့်လိုက်နှင့် အကြိမ်ပေါင်းများ စွာ ပြုလုပ်လျက် ရှိ၏။ ထို့နောက် သူသည် ကျွန်တော် ထိုင်နေသည့် ဂူဆီသို့ လျှောက် လာပြီး သူ့လက်နှစ်ဖက်ဖြင့် ကျွန်တော့်ပခုံးများကို တအား ဆုပ်ကိုင်ထားသည် ။ ကျွန်တော့်တစ်ကိုယ်လုံးကို နော

က်သို့ ပက်လက်လန်လဲလုနီးနီး ဖြစ်သွားအောင် တွန်းထားသည် ။ ကြောက်စရာ ကောင်းလှသည့် သူ့မျက်လုံးများ သည် ကျွန်တော့်မျက်လုံးများကို စူးစူးရဲရဲ စိုက်ကြည့်လျက် ရှိကြ၏။ ကျွန်တော့်အနေဖြင့် ဘယ်လိုမှ ရှောင်လွှဲ၍ မရနိုင်တော့သဖြင့် သူ့အကြည့်ကို ရင်ဆိုင်ပြီး ပြန်၍ ကြည့်နေပါသည် ။

"ဒီမှာ ဟေ့ ကောင်လေး၊ ငါပြောတာ နားထောင်စမ်း" ဟု လူကြီးက ပြောသည် ။ "ဒီကိစ္စက မင့်ကို အသက်ရှင်ခွင့် ပေးသင့်မသင့် စဉ်းစားနေမဲ့ဟာကွ၊ နားလည်လား၊ မင်း တံစဉ်းကို သိသလား"

"သိပါတယ် ခင်ဗျာ"

"အစားအသောက် ဆိုတာကော မင်းသိလား"

"သိပါတယ် ခင်ဗျာ"

လူကြီးသည် သူ့ပါးစပ်မှ မေးခွန်းတစ်ခု မေးလိုက်တိုင်း ကျွန်တော့်ပခုံးများကို ခါ.. ခါသွားအောင် တွန်းလိုက်ခြင်းအားဖြင့် ပို၍ ကြောက်လန့်သွားအောင် ခြောက်လှန့်လျက် ရှိသည် ။ "မင်း တံစဉ်းတစ်ချောင်း ယူပြီး ငါ့ကို လာပေးရမယ်၊ နားလည်လား" စကားအဆုံးတွင် ကျွန်တော့်ပခုံးနှစ်ဖက်ကို ဆောင့်၍ လှုပ်လိုက်သည် ။ "အစားအသောက်လည်း ယူခဲ့ရမယ်" နောက်တစ်ကြိမ် လှုပ်လိုက်ပြန်ပါသည် ။ "အဲဒီနှစ်မျိုးစလုံးကို ယူလာပြီး ငါ့ဆီ လာပေးရမယ်" နောက်တစ်ကြိမ် လှုပ်လိုက်ပြန်သည် ။ " တကယ်လို့ ငါခိုင်းတဲ့ အတိုင်း လုပ်မပေးရင် မင်းရဲ့ အသည်းနဲ့ နှလုံးကို ထုတ်ပစ်မယ်၊ ကြားလား... ငါပြောတာ" သူသည် ကျွန်တော့်ပခုံးများကို နောက်တစ် တအားလှုပ်လိုက်ပြန်ပါသည် ။

အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့လျက် ရှိသဖြင့် ကျွန်တော့်တစ်ခေါင်းလုံး မူးဝေနောက်ကျိလျက် ရှိသည် ။ သူ့လက်များကို ကျွန်တော့်လ

က်နှစ်ဖက်ဖြင့် အတင်းဆုပ်ကိုင်ပြီး ဖက်တွယ်ထားမိ၏။ "ကျွန်တော် မ တ်တတ်ရပ်ပါရစေဗျာ၊ ကျွန်တော့်ကို လွှတ်ပါ၊ ကျွန်တော် မဖျားဘူးဆိုရ င် ခင်ဗျားခိုင်းတာကို လုပ်ပေးပါ့မယ်" ဟု ပြန်ပြောမိသည် ။

သူသည် ကျွန်တော့်ကို တစ်ချက်မျှ ဆောင့်ဆွဲလိုက်သည် ။ ကျွန် တော့်ရှေ့မှ ဘုရားရှိခိုးကျောင်းသည် အပေါ်သို့ မြောက်တက်သွားသည် ဟု ပင် ထင်လိုက်ရ၏။ ထို့နောက် သူသည် ကျွန်တော့်လက်နှစ်ဖက်ကို ချုပ်ကိုင်ကာ အုတ်ဂူပေါ်၌ မတ်တတ်ရပ်စေသည် ။

"ငါပြောတဲ့ တံစဉ်းနဲ့ အစားအသောက်ကို မနက်ဖြန်မနက် အစောကြီး ငါ့ဆီကို လာပို့ရမယ်၊ အစားအသောက်ကို များများ ယူခဲ့ နော်၊ ဟောဟိုဘက်မှာ ရှေးဟောင်းအမြောက်ကြီးတစ်လက် ရှိတယ်။ သိတယ် မဟုတ်လား၊ အဲဒီနေရာကို ယူလာခဲ့ရမယ်... နော်။ ငါခိုင်းတဲ့ အတိုင်းသာ လုပ်ပါ။ ငါ့ကိုတွေ့ခဲ့တယ်လို့ ဘယ်သူ့ကိုမှ မပြောရဘူး၊ လုံး ဝ မပြောနဲ့ ။ မပြောရင် မင့်အသက် ရှင်မယ်။ အေး... ငါခိုင်းတဲ့ တိုင်း မ လုပ်ဘဲ ပျက်ကွက်ရင် မင်းရဲ့ အသည်းနဲ့ နှလုံးကို ထုတ်ယူပြီး မီးကင် စားမယ်၊ ငါပြောတာ ကြားလား၊ မင်းက ငါ့ကို... တစ်ယောက်တည်းလို့ မထင်နဲ့ ။ ငါ တစ်ယောက်တည်း မဟုတ်ဘူး ... ကွ၊ သိလား။ ငါနဲ့ အတူ တူ အကောင်ခပ်ငယ်ငယ်တစ်ယောက် ပါလာသေးတယ်၊ ငါနဲ့ အဲဒီအ ကောင် နှိုင်းယှဉ်ကြည့်လိုက်ရင် ငါက သူတော်စင်တစ်ယောက်ပဲ၊ အခု ငါပြောနေတဲ့ စကားတွေကို သူ အကုန်ကြားနေတယ်နော်။ အဲဒီကောင် မှာ အလွန်ထူးဆန်းအံ့ဩဖို့ ကောင်းတဲ့ လျှို့ဝှက်ချက်တစ်ခု ရှိတယ်။ သူ့ မှာ ကောင်လေးတစ်ယောက်ကို ဖမ်းပြီး အသည်းနှလုံးကို ရအောင် ထု တ်ယူနိုင်တဲ့ နည်း ရှိတယ် ငါ့လူ။ အဲဒီကောင်ရဲ့ လက်က လွတ်ပြေးဖို့ ဆို တာ လုံးဝ မလွယ်ဘူး၊ ကောင်လေးတစ်ယောက်အနေနဲ့ သူ့အခန်းကို လုံအောင် သော့ခတ်ပြီး ပုန်းချင်ပုန်းနေမယ်။ အဝတ်တွေကြားထဲ ဝင်ချ

င် ဝင်နေမယ်။ ကောင်လေးကတော့ သူ့ကိုယ်သူ လုံလုပြီလို့ ထင်မှာ ပဲ၊ ဒါပေမဲ့ အဲဒီအကောင်က ကောင်လေးဆီကို တိတ်တိတ်ရောက် လာပြီး သူလိုချင်တဲ့ အသည်းနှလုံးကို ထုတ်ယူမှာ ပဲ၊ အခု လောလောဆယ် သူက မင့်ကို ရန်မရှာအောင် ငါ ထိန်းထားရတာ၊ မနည်းကြီးကို ထိန်းနေရတာ။ သူ့ကို ထိန်းရတာ မလွယ်ဘူကွ၊ ကဲ မင်းဘာပြောချင်လဲ"

ကျွန်တော်က သူလိုချင်သော တံစဉ်းနဲ့ အစားအသောက်များကို ယူ၍ သူပြောသည့် အမြောက်ဟောင်းကြီးထားရာ နေရာသို့ နံနက်စောစော လာပို့ပေးပါမည်ဟု ကတိပေးလိုက်ပါသည် ။

"တကယ်လို ငါခိုင်းတဲ့ အတိုင်း မလုပ်ရင်း ဘေးသင့်ပြီး သေပါစေလို့ ကျိန်စမ်း"

ကျွန်တော်က သူခိုင်းသည့် အတိုင်း ကျိန်လိုက်သည့် အခါ သူက ကျွန်တော့်ကို မပြီး အုတ်ဂူအောက်သို့ ချပေးပါသည် ။

"အေး... ကောင်းပြီ၊ မင်းပေးထားတဲ့ ကတိကို မမေ့နဲ့ ။ အခု ငါပြောပြလိုက်တဲ့ ဟိုအကောင်ကိုလည်း မမေ့နဲ့ ။ ကဲ... သွားတော့"

"မင်္ဂလာ.. လာ။ မင်္ဂလာ... ည... ညပါ ခင်ဗျာ" ဟု ကျွန်တော်က ထစ်တီးထစ်ငေါ့ဖြင့် နှုတ်ဆက်သည် ။

လူကြီးသည် စိုရွှဲနေသော သူ့ကိုယ်ကို ငုံ့ကြည့်နေသည် ။ ပါးစပ်မှာလည်း "ငါ ဖားတစ်ကောင်ဖြစ်ချင်လိုက်တာ... ကွာ၊ ဒါမှ မဟုတ်လည်း ငါးရှဉ့်တစ်ကောင် ဖြစ်ရင် အကောင်းသား" ဟု ရေရွတ်သည် ။

ထို့နောက် သူသည် ခိုက်ခိုက်တုန်နေသော သူ့ကိုယ်ခန္ဓာအား အအေးဒဏ်မှ သက်သာစေရန်အတွက် လက်နှစ်ဖက်ကို ပိုက်၍ တစ်ကိုယ်လုံးကို ကျုံ့နိုင်သမျှ ကျုံ့သွားအောင် ကုပ်ကုက်ကလေး လုပ်ကာ သင်္ချိုင်း၏

ဝင်းထရံ အုတ်တံတိုင်းဆီသို့ ထော့နင်း... ထော့နင်းဖြင့် လျှောက်သွားသည် ။ ဖက်ယားပင်များ နှင့် ဆူးပင်ချုံပင်များကြားမှ တိုးဝှေ့ဖြတ်သန်းပြီး ပုန်းလျှိုးကွယ်လျှိုး သွားနေခြင်း ဖြစ်သဖြင့် သူ လုပ်နေပုံမှာ ကျွန်တော့်မျက်စိထဲတွင် ထူးဆန်းလျက် ရှိ၏။ သူသွားလာလှုပ်ရှားနေပုံမှာ သင်္ချိုင်းမြေပုံများကြားမှ လူသေလက်ကြီးများ ထွက်လာပြီး သူ့ခြေထောက်များကို ဖမ်းဆွဲလိုက်မည်စိုး၍ သတိကြီးစွာထားပြီး ရှောင်ရှားသွားလာနေရသည့် ပုံမျိုး ဖြစ်လေသည် ။

အုတ်တံတိုင်းအနီးသို့ ရောက်သောအခါ သူသည် ဖက်တွယ်၍ တက်သည် ။ ခြေထောက်များ ထုံကျဉ်တောင့်တင်းနေသဖြင့် ခက်ခဲပင်ပန်းစွာ ကုတ်ကတ်၍ တက်နေရသည့် ပုံစံမျိုး ဖြစ်၏။ တက်နေရင်းမှ ပင် နောက်သို့ လည်ပြန်လှည့်ကာ ကျွန်တော့်ဆီသို့ လှမ်းကြည့်သည် ။ သူ ကျွန်တော့်ဘက် လှည့်လိုက်သည် နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ကျွန်တော့်မျက်နှာကို အိမ်ရှိရာဘက်သို့ ပြန်၍ လှည့်လိုက်ကာ ကျွန်တော့်ခြေထောက်နှစ်ချောင်းကို အကောင်းဆုံးဖြစ်အောင် အသုံးချပြီး သုတ်ခြေတင်လာခဲ့သည် ။ သို့သော်လည်း ကျွန်တော့်အနေဖြင့် နောက်သို့ လှည့်မကြည့်ဘဲ မနေနိုင်၊ လျှောက်သွားနေရင်းမှ ပင် လည်ပြန်လှည့်ကြည့်မိသည် ။ လူကြီးသည် မြစ်ဘက်သို့ ဦးတည်ပြီး သွားနေသည် ။ ယခုအချိန်အထိ လက်နှစ်ဖက်ကို ပိုက်ထားဆဲ...။ ရွှံ့ညွန်များ ထဲ၌ ဟိုတစ်တုံး သည် တစ်တုံး ရှိနေသော ကျောက်တုံးကြီးများကြားမှ အကွယ်အကာယူ၍ သွားနေခြင်း ဖြစ်၏။ မိုးကြီး၍ သို့မဟုတ် ဒီရေတက်၍ ရေများဝင်လာသည့် အခါ ဤကျောက်တုံးကြီးများ သည် လူများ ခုန်ကျော်ဖြတ်သန်းရာ နေရာများ ဖြစ်လေသည် ။

ကျွန်တော်သည် ရှေ့ဆက်၍ မလျှောက်တော့ဘဲ အသာရပ်ကာ လူကြီးသွားနေရာဘက်သို့ မျှော်ကြည့်နေမိသည် ။ ကျွန်တော့်မျက်စိထဲ

တွင် နှန်းမြေကွက်များ သည် မိုးကုပ်စက်ဝိုင်းနှင့် တစ်ပြေးတစ်ညီတည်း ဖြစ်လျက် ရှိသည် ။ မြစ်ပြင်မှာ လည်း နှန်းမြေကွက်များ လောက် ကျယ်ပြန့်ခြင်း မည်းနက်ခြင်း မရှိသော်လည်း မိုးကုပ်စက်ဝိုင်းနှင့် တစ်ပြေးတစ်ညီတည်းပင် ဖြစ်လျက်ရှိ၏။ မိုးကောင်းကင်တွင် အနီရော င်နှင့် အနက်ရောင် ရောစပ်ခြယ်မှုန်းထားသည် ။ မြစ်ပြင်၏ အစွန်းတစ် ဖက်တွင် မားမားမတ်မတ်ကြီ ရပ်နေသည် ဟု ထင်ရသော အမည်းစက် နှစ်စက်ကို ကျွန်တော် မြင်တွေ့နေရသည် ။ ဤ အမည်းစက်နှစ်စက်တွ င် တစ်စက်သည် သင်္ဘောသားများအား ဘေးအန္တရာယ်ကင်းအောင် လ မ်းညွှန်ပြသည့် လမ်းပြမီးတိုင် ဖြစ်၏။ တိုင်တစ်တိုင်တွင် စည်ပိုင်းပြတ် တစ်လုံး ချိတ်ဆွဲထားသည် နှင့် တူလှသဖြင့် အနီးကပ်ကြည့်မည်ဆိုပါ က အလွန်အရုပ်ဆိုးသော အရာဝတ္ထုတစ်ခု ဖြစ်သည် ။ တစ်ချိန်သောအ ခါက ပင်လယ်ဓားပြတစ်ဦးအား ကြိုးပေး၍ သတ်ခဲ့သည့် စက်တိုင်လ ည်း ဖြစ်သည် ။ ထိုပင်လယ်ဓားပြ၏ လည်ပင်းကို စွပ်ခဲ့သော သံကြိုးသ ည် ယခုအချိန်ထိ တွဲလောင်းကျလျက်ပင် ရှိသေးသည် ။ လူကြီးသည် ထို မီးပြတိုင်ဆီသို့ ကျိုးနင်း... ကျိုးနင်းဖြင့် လျှောက်သွားလျက် ရှိသည် ။ ကြိုးစင်တင်၍ အသတ်ခံခဲ့ရသော ပင်လယ်ဓားပြသည် သေရာမှ တစ်ဖ န်ပြန်၍ ရှင် လာပြီး သူ့ကိုယ်သူ နောက်တစ်ကြိမ်ထပ်၍ ကြိုးဆွဲချသတ် ရန် ပြန်လာနေခြင်းဟု ထင်မိသည် ။ ထိုအတွေး ဝင်လာသောအခါ ကျွန် တော့်တစ်ကိုယ်လုံး ကြောက်စိတ်ဖြင့် စိမ့်လာသည် ။ အစာစားနေကြ သော နွားများ သည် ဦးခေါင်းများကို မော့ကာ လူကြီးသွားရာနောက်သို့ လိုက်ကြည့်နေကြသည် ။ ဤနွားကြီး များကလည်း ကျွန်တော့်လိုပင် တွေးမိကောင်း တွေးမိကြပေလိမ့်မည်။ ကျွန်တော့်အနီးအနား ပတ်ဝန်း ကျင်တွင် လူကြီးပြောသွားခဲ့သော ကြောက်စရာကောင်းသည့် လူငယ် ရှိ ၊ မရှိ ကျီးကန်းတောင်းမှောက် ကြည့်မိပါသည် ။ အရိပ်အယောင်မျှပင် မ

မြင်ရပါ။ သို့သော်လည်း နောက်တစ်ကြိမ် ကြောက်စိတ်ဝင်လာပြန်ပြီ ဖြစ်ရ ဤတစ်ကြိမ်တွင် မူ လုံးဝ ရပ်နားခြင်း မပြုတော့ဘဲ အိမ်ဘက်သို့ ကဆုန်ပေါက်၍ ပြေးလာခဲ့ပါတော့သည် ။

*****

# (၂)

ကျွန်တော့်အစ်မ မစ္စက်ဂျိုးဂါဂရီမှာ ကျွန်တော့်ထက် အသက်နှစ်ဆယ်မျှကြီး၍ ကျွန်တော့်အား ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက 'လက်နှင့် မကွာ အုပ်ထိန်းလာခဲ့ပါသည် ' ဟူသော စကားဖြင့် အိမ်နီးနားချင်းများကြားတွင် ထင်ရှားကျော်ကြားနေသူ ဖြစ်ပေသည် ။ ထိုအချိန်အခါက ထိုစကား၏ အနက်အဓိပ္ပာယ်ကို ကျွန်တော် နားမလည်ခဲ့ပါ ။ သို့သော်လည်း ကျွန်တော့်အစ်မတွင် အလွန်ကြီးမားလေးလံသော လက်များ ရှိနေသည် ကိုမူ သတိထားမိခဲ့သည် ။ ကျွန်တော့်အစ်မသည် ထိုလက်များကို ကျွန်တော့်အပေါ်၌ ရော၊ သူ့ယောကျ်ားအပေါ်၌ ပါ အခါအခွင့်သင့်တိုင်း များ စွာ အသုံးချတတ်သော အလေ့အထလည်း ရှိပါသည် ။ ထို့ကြောင့် လည်း ဂျိုးဂါဂရီနှင့် ကျွန်တော်တို့ နှစ်ယောက်စလုံး အစ်မ၏ လက်နှင့် မကွာ အုပ်ထိန်းစောင့်ရှောက်ခြင်းကို ခံယူခဲ့ကြရသည် ဟု ကျွန်တော် သဘောပေါက် နားလည်ခဲ့ပါသည် ။

ကျွန်တော့်အစ်မသည် မိန်းမချော မိန်းမလှတစ်ဦး မဟုတ်ပါ။ ကြည့်ပျော်ရှုပျော်ပင် ရှိသူတစ်ဦး မဟုတ်ပါ။ သို့ဖြစ်ပါလျက်နှင့် ဂျိုးဂါဂရီကို ရအောင်ယူနိုင်ခဲ့ခြင်းမှာ ဂျိုးအပေါ်၌ သူ့လက်များကို အသုံးပြု၍ လက်ထပ်အောင် လုပ်ယူခဲ့သည် ဟု ကျွန်တော် ထင်ပါသည် ။ ဂျိုးသည် လူချောတစ်ယောက် ဖြစ်၍ သူ၏ ချောမွေ့သော မျက်နှာ၏ ဘေးတစ်ဖက်တစ်ချက်တွင် ဂုန်လျှော်ရောင် ပါးမြိုင်းမွေးများ သည် အ

ခွေလိုက် အလိပ်လိုက် ဆင်းလျက် ရှိသည် ။ သူ့မျက်လုံးများ သည် အပြာရောင် ခပ်ဖျော့ဖျော့ဖြစ်ရာ ဘေးအဖြူသားများ နှင့် ခွဲ၍ မရနိုင်အောင် ရောနှော ပေါင်းစပ်နေသည် ဟု ထင်ရ၏။ သူသည် အလွန်သဘောကောင်း၍ စိတ်အေးနားအေး နေတတ်သူတစ်ဦး ဖြစ်သော်လည်း အသိပညာ ဗဟု သုတတွင် ကား ချို့တဲ့ ရှာသူတစ်ဦး ဖြစ်သည် ။ ခွန်အားဗလဘက်တွင် ဟာကြူလီလောက် အားကောင်းမောင်းသန် ရှိသည် ဟု ဆိုနိုင်သော်လည်း စိတ်ဓာတ်အင်အားအနေဖြင့်ကား ပျော့ညံ့အားနည်းလှသည် ဟု ဆိုရမည် ဖြစ်လေသည် ။

ကျွန်တော့်အစ်မ မစ္စက်ဂျိုးမှာ ဆံပင်နက်နက်၊ မျက်လုံးနက်နက် ဖြစ်သော်လည်း အသားအရေမှာ နီရဲရဲ ဖြစ်သည် ။ တစ်ခါတစ်ရံတွင် ကျွန်တော်သည် အစ်မ၏ အသားအရောင်ကို ကြည့်၍ အစ်မသည် ရေချိုးသည့် အခါ ဆပ်ပြာမသုံးဘဲ သူ့တစ်ကိုယ်လုံးကို ဇာတိပ္ဖိုလ်သီးမှုန့်များ နှင့် ပွတ်တိုက်ထားလေသလားဟု စိတ်ထဲက အောက်မေ့မိသည် ။ အစ်မသည် အရပ်ရှည်ပြီး အရိုးအဆက် ကြီးသူ ဖြစ်၏။ သူ့ဝါဂန်ကို အညစ်အကြေးများ မပေစေရန် ခါးစည်းအဝတ်ကြမ်းကြီး တစ်ထည်ကို သူ့ခါးတွင် အမြဲတစေ ချည်ထားလေ့ရှိသည် ။ ထိုခါးစည်းအဝတ်ကြီးနှင့် သူ့ဂါဝန်ကို ပင်အပ်များ ၊ လက်ချုပ်အပ်များ နှင့် တွယ်ထားသည် ။ သူသည် ထိုခါးစည်းအဝတ်ကို သူ့အကျိုးရှိရာ ရှိကြောင်းအတွက် ထိုက်ထိုက်တန်တန် အသုံးချလေ့ရှိသည် ။ သူ့မှာ အလွန်အလုပ်များ လှသဖြင့် ခါးစည်းအဝတ်ကိုပင် ချွတ်ရတော့သည် မရှိ ဟူသော စကားမျိုးကို အသားယူ၍ ပြောကာ သူ့ယောကျ်ား ဂျိုးကို ရန်လုပ်လေ့ ရှိ၏။ ကျွန်တော့်အနေဖြင့်မူ ထိုခါးစည်းအဝတ်ကြီးကို တစ်ချိန်လုံး ဝတ်ထားစရာ အကြောင်းမရှိဟု ပင် ထင်ပါသည် ။ အမှန်အားဖြင့် အချိန်ရှိသမျှ ထိုခါးစည်းအဝတ်ကို ဝတ်ထားရလောက်အောင်ပင် အလုပ်များ လှသည်

ကား မဟုတ်ပါ။ သက်သက်မဲ့ ကြွားလို၍ သာ ဝတ်ထားသည် ဟု ပင် ကျွန်တော် ထင်ပါသည် ။

ကျွန်တော်တို့ အိမ်သည် ထိုခေတ်ထိုအချိန်က ကျွန်တော်တို့ ဒေသ၌ အများ ဆုံး ဆောက်လုပ်လေ့ရှိသော သစ်သားအိမ်မျိုး ဖြစ်၍ ကျွန်တော့် ယောက်ဖ၏ ပန်းပဲဖိုသည် အိမ်ဘေးတွင် ကပ်လျက် ဖြစ်သည် ။ ကျွန်တော် သင်္ချိုင်းကုန်းမှ အိမ်သို့ ပြန်ပြေးလာသည့် အချိန်တွင် ပန်းပဲဖိုပိတ်ထားသည် ။ ဂျိုးမှာ မူ မီးဖိုချောင်ထဲ၌ တစ်ယောက်တည်း ထိုင်လျက်ရှိသည် ။ အစ်မ၏ ဒဏ် ခံရသည့် နေရာ၌ ဂျိုးနှင့် ကျွန်တော်သည် ဘဝတူ ခံဖော်ခံဖက်များ ဖြစ်သဖြင့် တစ်ယောက်နှင့် တစ်ယောက် ယုံကြည်စိတ်ချမှု အပြည့်အဝ ရှိကြပါသည် ။ ထို့ကြောင့် လည်း ကျွန်တော် တံခါးမင်းတုပ်ကို ဖွင့်၍ အိမ်ထဲဝင်မိပြီး သူနှင့် မျက်နှာချင်းဆိုင်ရှိ မီးဖိုခေါင်းတိုင်၌ ထိုင်လိုက်မိသည် နှင့် တစ်ပြိုင်နက် ဂျိုးက ကျွန်တော့်အား ကျွန်တော့် အစ်မ လိုက်ရှာနေကြောင်း သတင်းပေးသည် ။

"မင့်အစ်မ မင့်ကိုရှာဖို့ ဆိုပြီး အပြင်ထွက်သွားတာ အကြိမ်ပေါင်း တစ်ဒါဇင် ရှိသွားပြီ.. ပစ်ပ်၊ အခုလည်း ထွက်သွားပြန်ပြီ။ အခုဟာက ဆယ့်သုံးကြိမ်မြောက်ပဲကွ"

"ဟုတ်လား..."

"ဟုတ်တယ်.... ပစ်ပ်" ဟု ဂျိုးက ပြောသည် ။

"ဆိုးတာက သူ့လက်ထဲမှာ ကြိမ်လုံးနဲ့ ... ကွ"

ဤမကောင်းသတင်း ကြားလိုက်ရသည့် အတွက် ကျွန်တော်သည် အပေါ်အင်္ကျီ၏ တစ်လုံးတည်းသော ကြယ်သီးကို ကိုင်၍ လှည့်ရင်း ဝမ်းနည်းအားငယ်စိတ်ဖြင့် မီးဖိုဆီသို့ ငေးမောကာ မှိုင်တွေချနေမိပါသည်။ ဂျိုးပြောသည့် ကြိမ်လုံးမှာ ဖယောင်းတိုက်ထားသော ကြိမ်လုံးတစ်လုံး

ဖြစ်၍ ကျွန်တော့်ကိုယ်ပေါ်ရှိ နူးညံ့သိမ်မွေ့သော အစိတ်အပိုင်းများ နှင့် မကြာခဏ ထိတွေ့ရလွန်းသဖြင့် ချောမွေ့ပြောင်လက်နေသော ကြိမ်လုံး ဖြစ်သည် ။

"ပထမတော့ ထိုင်စောင့်နေသေးတယ်… ကွ" ဟု ဂျိုးက ပြောသည် ။

"နောက်တော့ ထိုင်နေရာက ထသွားပြီး ကြိမ်လုံးကို ဆွဲတယ်။ ပြီးတော့… ရှူးရှူးရှဲရှဲနဲ့ ထွက်သွားတာပဲ။ ငါမြင်လိုက်ရသမျှကတော့ အဲဒါပဲ" ဂျိုးသည် သူ့လက်တွင်းမှ မီးထိုးသံချောင်းကြီး (မီးညှပ်) ဖြင့် မီးဖိုအောက်မှ ပြာခံသံပြားများ ပေါ်မှ ပြာများကို ဖြည်းညင်းစွာ သပ်ချနေသည် ။ သူသည် ကျွန်တော့်ဆီသို့ မကြည့်ဘဲ မီးဖိုကိုသာ စိုက်ကြည့်နေရာမှ "ထွက်သွားတာကတော့ တကယ့်ဒေါသတကြီး ထွက်သွားတာပဲ ပစ်ပ်ရ" ဟု ထပ်ပြောလေသည် ။

"သူ ထွက်သွားတာ ကြာပြီလား… ဂျိုး" ဟု ကျွန်တော်က ပြန်မေးသည် ။ အမှန်အားဖြင့် ဂျိုးသည် ကျွန်တော့်ထက် အသက်များ စွာ ကြီးသူဖြစ်၏။ သို့သော်လည်း ကျွန်တော်ကတော့ သူ့ကို သက်တူရွယ်တူအဖြစ်သာ သဘောထားသည် ။ အမြဲတစေ ကလေးကြီး တစ်ယောက်လိုသာ ဆက်ဆံသည် ။

"အင်း" ဂျိုးသည် တစ်ချက်မျှ ရေရွတ်လိုက်ပြီး တိုင်ကပ်နာရီကို မော့ကြည့်သည် ။ "သိပ်ဒေါသကြီးပြီး ထွက်သွားတဲ့ အခုနောက်ဆုံး တစ်ခေါက်ကတော့ ငါးမိနစ်လောက်ပဲ ရှိဦးမယ်။ ဟော… ပြောနေတုန်းမှာပဲ လာနေပြီဟေ့ တံခါးနောက် ဝင်ပုန်းနေပါလားကွ… ငါ့လူရ။ မျက်နှာသုတ်ပဝါကြီး ခြုံထားဦးလေကွာ"

ကျွန်တော်က သူအကြံပေးသည့် အတိုင်း လိုက်နာတယ်။ ထိုအခိုက်မှာ ပင် ကျွန်တော့်အစ်မသည် တံခါးကို တွန်းဖွင့်ပြီး အထဲဝင်ဖို့ ကြိုးစား

သည် ။ တံခါး၏ နောက်မှ အခုအခံ တစ်ခုရှိနေသဖြင့် တံခါးက အလွယ်တကူ မပွင့်။ ထိုအခါ တံခါးနောက်၌ ဘာရှိနေသည် ကို ချက်ချင်း ရိပ်မိသွားသော အစ်မသည် ကျွန်တော့်ကို တံခါးကြားမှ ဆွဲထုတ်ကာ လက်ထဲမှ ကြိမ်လုံးနှင့် ရိုက်ပါလေတော့၏။ ရိုက်၍ အားရသောအခါ သူလုပ်နေကျ ထုံးစံအတိုင်း ကျွန်တော့်ကို ဆွဲယမ်းပြီး ဂျိုးဘက်သို့ တွန်းပစ် လိုက်လေသည် ။ ကျွန်တော့်အား စိတ်ရှိလက်ရှိ ရိုက်နှက်ပြီးသည့် အခါတိုင်း အစ်မသည် သူ ဆက်၍ ရန်လုပ်လိုသော ဂျိုးဘက်သို့ ကျွန်တော့်အား စိတ်ဆိုးမာန်ဆိုး တွန်းထိုးပစ်ခြင်းအားဖြင့် အဆုံးသတ်လေ့ ရှိ၏။ ဤသို့ဖြင့် ကျွန်တော်သည် သူတို့ လင်မယားအကြားတွင် အဆင်မပြေဖြစ်သည့် အခါတိုင်း ပစ်စရာပေါက်စရာ အရာဝတ္ထုတစ်ခုအဖြစ် မကြာခဏ အသုံးတော်ခံရသည် ။ ဂျိုးကလည်း သူ ပြုနေကျအတိုင်း သူ့ဆီရောက်လာသော ကျွန်တော့်ကို ဝမ်းသာအားရ ဆီးဖမ်းထားပြီး မီးဖိုခေါင်းတိုင်ကြားသို့ ထိုးသွင်းလိုက်ကာ ရှေ့မှ သူ့ခြေထောက်ကြီးနှင့် ပိတ်ထား လိုက်လေသည် ။

"နင် ဘယ်သွားပြီး လေလွင့်နေသလဲ... ဟဲ့။ မျောက်ကောင်လေးရဲ့ "

အစ်မက ကြမ်းပြင်ကို ခြေနှင့် ဆောင့်လိုက်ပြီး မေးသည် ။

"ငါ့ကို စိတ်ဆင်းရဲအောင်၊ အထိတ်တလန့်ဖြစ်အောင်၊ သောကမရောက် ရောက်အောင် နင် နှိပ်စက်နေတာ မဟုတ်လား... ဟင်၊ ငါ့ကို မှန်မှန်ပြောစမ်း၊ နင် ဘယ်လျှောက်သွားနေတာလဲ"

"ကျွန်တော် သင်္ချိုင်းကုန်းဘက် သွားတာပါ အစ်မရယ်" ကြိမ်လုံးထိထားသည့် နေရာများကို လက်နှစ်ဖက်နှင့် ပွတ်၍ ငိုကြွေးရင်း ကျွန်တော်က ပြန်ဖြေသည် ။

"သင်္ချိုင်းကုန်း... ဟုတ်လား" ဟု အစ်မက ရေရွတ်သည် ။

"တကယ်လို့ ငါသာ မရှိရင် နင် သင်္ချိုင်းကုန်း ရောက်နေတာ ကြာလှပြီပေါ့ ဟယ်၊ နင့်ကို ဒီအသက်အရွယ်ထိ လက်နဲ့ မကျွာ အုပ်ထိန်း လာခဲ့တာ ဘယ်သူလဲ သိလား... ဟင်"

"မမ... ပါခင်ဗျာ" ဟု ကျွန်တော်က ပြောပါသည် ။

"နင့်ကို ဘာကြောင့် အဲဒီလို ကျွေးမွေးလာခဲ့တယ် ထင်သလဲ။ ငါ့ကို ပြောပြစမ်း"

"ကျွန်တော် မသိဘူး... ခင်ဗျ"

"ကျွန်တော်မသိဘူး... တဲ့ ၊ ကောင်းပ့ါတော်၊ ငါမိုက်လို့ ကျွေးခဲ့ မွေး ခဲ့မိတယ်၊ နောက်များ တော့ တော်ပါပြီ... ဟယ်၊ နင့်ကို မွေးပါပြီဆိုက တည်းက ငါ့မှာ ဟော့ဒီခါးစည်းအဝတ်ကို ဘယ်တော့မှ ချွတ်ရတယ်လို့ မရှိခဲ့ဘူး၊ သိလား၊ နင့်အမေ မဖြစ်ဘဲ ပန်းပဲသမား ဂျိုးဂါဂရီရဲ့ မယားဖြ စ်ရတာနဲ့ ပဲ ငါ့မှာ ဆင်းရဲဒုက္ခက ကြီးလှပါပြီ၊ နင့်အမေသာ ဖြစ်ရရင် တော့ ဟင်း..."

စိတ်ညစ်စိတ်ရှုပ်ထွေးစွာဖြင့် မီးဖိုဆီသို့ တွေဝေငေးမောနေမိသော ကျွန်တော်၏ စိတ်သည် အစ်မ၏ မေးခွန်းအပေါ်တွင် စိတ်မဝင်စား။ အခြားတစ်နေရာသို့ လွင့်မျောလျက် ရှိသည် ။ နုန်းမြေများ ပေါ်၌ လျှော က်သွားနေသော သံခြေချင်းကြီးနှင့် လူကြီး။ ထိုလူကြီး ပြောပြခဲ့သည့် လူငယ်...၊ တံစဉ်းနှင့် အစားအသောက်...။ ပြီးတော့ ကြောက်မက်ဖွယ် ကောင်းသည့် ကျိန်စာ...။ ဤအရာအားလုံးသည် ထွေးလုံးရစ်ပတ်ဖြစ် ကာ ကျွန်တော့်ကို ဖိစီးလျက်ရှိရာ ကျွန်တော့်အနေဖြင့် ဤနေအိမ်အတွ င်းမှ ပစ္စည်းများကို မခိုးမဖြစ်သည့် အခြေအနေသို့ ဆိုက်ရောက်လျက် ရှိပြီ ဖြစ်၏။

"ဟင်း..." အစ်မသည် သူ့လက်ထဲမှ ကြိမ်လုံးကို နေရာတွင် ပြန်ထားနေရင်းက ရေရွတ်သည် ။ "ဟုတ်ပါတယ်။ သင်္ချိုင်းကုန်းပါပဲ၊ နင်တို့ နှစ်ယောက်စလုံး သင်္ချိုင်းကုန်းလောက်ပဲ စဉ်းစားနေကြပေတော့" ကျွန်တော်တို့ နှစ်ယောက်စလုံးက တစ်ခွန်းမှ ပြန်မပြောပါ။ "နင်တို့ကြောင့် ငါလည်း သင်္ချိုင်းရောက်တော့မှာ ပါ။ ကြာမယ် မထင်ပါဘူး။ အို ... နင်တို့ နှစ်ယောက်ဟာလေ။ ငါ မပြောချင်တော့ပါဘူး၊ ငါသာ မရှိရင် ခက်မယ်၊ သိလား"

ဆူ၍ ပူ၍ အားရသောအခါ ကျွန်တော့်အစ်မသည် လက်ဖက်ရည်ပွဲ ပြင်ဆင်ခြင်းဖြင့် အလုပ်ရှုပ်လျက် ရှိ၏။ ဂျိုးကတော့ သူ့ခြေထောက်ပေါ်မှ ကျော်၍ ကျွန်တော့်အား မကြာမကြာ ချောင်းကြည့်သည် ။ မကြာသေးမီကမှ ပြီးစီးသွားခဲ့သော အခြေအနေဆိုးမျိုး နောက်ထပ် ပေါ်ပေါက်မလာအောင် ကျွန်တော်တို့ နှစ်ယောက် ဘယ်လိုရင်ဆိုင်ရမည်ကို စဉ်းစား ကြံဆနေသည့် နှယ် ရှိသည် ။ ထို့နောက် သူသည် ဂုန်လျှော်နှင့်တူသော နားသယ်မွေးများ နှင့် ပါးမုန်းမွေးများကို လက်နှင့် အသာအယာ ဆွဲရင်း သူ့မိန်းမ၏ လှုပ်ရှားမှုမှန်သမျှကို မျက်ခြည်မပြတ် လိုက်ကြည့်နေသည် ။ အိမ်တွင်း၌ လေပြင်းမုန်တိုင်း ကျသည့် အခါတိုင်း လုပ်လေ့ရှိသည့် ဂျိုး၏ အပြုအမူတစ်ခုပေတည်း။

ကျွန်တော်တို့ နှစ်ယောက်အတွက် ပေါင်မုန့်ထောပတ်သုတ် လုပ်သည့် အခါတိုင်း အသုံးပြုလေ့ရှိသည့် ကျွန်တော့်အစ်မ၏ ပေါင်မုန့်ထောပတ်သုတ် လုပ်နည်းမှာ လည်း ထူးခြားလှပါသည် ။ ဤနည်းမှာ အစ်မ၏ ကိုယ်ပိုင်နည်းဖြစ်ရာ ဘယ်တော့မှ ပုံစံပြောင်းလဲသွားသည် ဟု မရှိပေ။ ပထမ သူသည် ပေါင်မုန့်ကို ဘယ်လက်ဖြင့် ယူသည် ။ ပြီးတော့မှ သူ့ခါးစည်း အဝတ်ကြီးဖြင့် တအားဖိ၍ ဆုပ်ကိုင်ထားတတ်သည် ။

ယင်းကဲ့သို့ ပြုလုပ်သည့် အတွက် သူ့ခါးစည်း အဝတ်ကြီးပေါ်၌ တွယ်ထားသည့် အပ်များ ထဲမှ တစ်ချောင်းတလေသည် ပေါင်မုန့်ချပ်ထဲတွင် ကပ်၍ ပါလာတတ်သည် ။ တစ်ခါတစ်ရံတွင် ပင်အပ်တစ်ချောင်း ပါလာတတ်၍ တစ်ခါတစ်ရံတွင် မူ လက်ချုပ်အပ်တစ်ချောင်း ပါလာတတ်ပြီး ယင်းအပ်များ သည် ကျွန်တော်နှင့် ဂျိုးတို့ ၏ ပါးစပ်များ ထဲသို့ ဝင်ရောက် လာလေ့ ရှိ၏။

ထို့နောက် ဓားတစ်ချောင်းဖြင့် ထောပတ် (များများ စားစား မဟုတ်၊ ပါလေကာမျှ) တစ်ကော်၊ ကောက်ယူပြီး ပေါင်မုန့်ကို သုတ်သည် ။ သုတ်ရာ၌ ဓား၏ အသွားနှစ်ဖက်တွင် ထောပတ်အစအနလေမျှ ကပ်၍ မကျန်ရအောင် အပြန်ပြန် အလှန်လှန် သုတ်နေခြင်းဖြစ်ရာ ပရဆေးဆိုင်မှ ဈေးသည် တစ်ဦး ဆေးချိန်နေပုံနှင့် တူလှပါသည် ။ ဓားအဖျားတွင် ထောပတ် အကပ်အသတ်မျှ မကျန်ရစ်အောင် အကြိမ်ကြိမ် အထပ်ထပ် သုတ်နေသည့် ကြားမှ ပင် ပေါင်မုန့် ကလနားသားများ ပေါ်၌ တင်နေသည့် ထောပတ်အစအနများကို အတွင်းသားပေါ်သို့ ပြန်၍ ပြန်၍ တင်ကာ ညီသွားအောင် ညှိသည် ။ ထို့နောက်တွင် မူ ပေါင်မုန့်ချပ် အရွယ်အစားကို ခပ်ကြီးကြီးထား၍ လှီးချလိုက်၏။ နောက်ဆုံးတွင် သူ လှီးချလိုက်သည့် ထောပတ်သုတ်ပြီးသား ပေါင်မုန့်ချပ်ကိုပင် နှစ်ပိုင်းဖြစ်သွားအောင် အလယ်တည့်တည့်မှ ထပ်၍ ပိုင်းပြန်သည် ။ ထိုနှစ်ပိုင်းတွင် တစ်ပိုင်းကို ဂျိုးရ၍ ကျန်တစ်ပိုင်းကို ကျွန်တော် ရလေသည် ။

ကျွန်တော့်အနေဖြင့် အလွန်ဆာလောင်လျက်ရှိသော်လည်း လက်ထဲရောက်လာသည့် ပေါင်မုန့်တစ်ပိုင်းကို မစားဝံ့ပါ။ ကြောက်စရာကောင်းလှသော ကျွန်တော့်မိတ်ဆွေကြီးနှင့် သူ့ထက်ပို၍ ကြောက်စရာကောင်းသော သူ့အဖော် လူငယ်အတွက် စားစရာတစ်ခုခုတော့ ရှိထားဖို့ လိုသည် ဟု ကျွန်တော် ထင်မိပါသည် ။ ဤကဲ့သို့ ထင်မိခြင်းမှာ လည်း

အကြောင်းမဲ့ မဟုတ်ပါ။ ကျွန်တော့်အစ်မ မစွက်ဂျိုး ပစ္စည်းပစ္စယများ ထိန်းသိမ်းထားရှိပုံမှာ အလွန်စေ့စပ် လုံခြုံလှသည် ဖြစ်ရာ ဘာပစ္စည်း ကိုမှ လွယ်လွယ်ကူကူနှင့် ခိုး၍ ရလိမ့်မည် မဟုတ်ဟု ကျွန်တော် သိနေ သောကြောင့် ဖြစ်သည် ။ ဤသို့ဖြင့် ကျွန်တော်သည် ကျွန်တော့်ဝေစုဖြစ် သော ပေါင်မုန့် ထောပတ်သုတ် တစ်ပိုင်းကို မစားတော့ဘဲ ကျွန်တော့် ဘောင်းဘီရှည် ခြေထောက်တစ်ဖက်အတွင်း၌ သွင်း၍ ဝှက်ထားတော့မ ည်ဟု ဆုံးဖြတ် လိုက်လေသည် ။

ဆုံးဖြတ်ထားသည့် အတိုင်း အကောင်အထည်ပေါ်အောင် လက်တွေ့ ဆောင်ရွက်သွားဖို့ ကျတော့ များ စွာ ခက်ခဲလျက် ရှိသည် ကို ကျွန်တော် တွေ့နေရ၏။ အလွန်မြင့်သည် အိမ်ခေါင်မိုးပေါ်မှ အောက်သို့ ခုန်ချရန် သို့မဟုတ် အလွန်နက်သော ရေထဲသို့ ခုန်ဆင်းရန် ဆုံးဖြတ်ထားမိသလို ဖြစ်လျက် ရှိသည် ။ မည်သို့ပင်ဖြစ်စေ၊ ဤကိစ္စ ဂျိုးမသိအောင် လုပ်နိုင်ဖို့ မလွယ်ဘဲ ဖြစ်လျက်ရှိ၏။ တကယ်တော့ ကျွန်တော်တို့ နှစ်ဦးသည် အ ထက်တစ်နေရာတွင် ဖော်ပြခဲ့သည့် အတိုင်း ဘဝတူ ခံဖော်ခံဖက်များ ဖြ စ်ပေရာ တစ်ယောက်အပေါ် တစ်ယောက် ညှာတာထောက်ထားမှု ရှိကြ ရုံမက ခင်မင်ကြင်နာမှုလည်း အခွင့်အခါသင့်တိုင်း ဖော်ပြလေ့ ရှိကြသ ည် ။ အထူးသဖြင့် ယခုလို ညပိုင်းစားပွဲတွင် ထိုင်၍ စားကြသောက်ကြ သည့် အခါ ကိုယ်ရထားသည့် ဝေစုပေါင်မုန့်ကို လက်တွင် ကိုင်ကာ တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း တစ်ကိုက်ချင်းစီ ကိုက်၍ စား သောက်လေ့ ရှိကြသည် ။ ဤအလေ့အထမှာ ကျွန်တော်တို့ နှစ်ဦး၏ ပုံမှ န်လုပ်နေကျ အလေ့အထတစ်ခု ဖြစ်၍ ၊ ဤအလေ့အထကြောင့် လည်း ကျွန်တော်တို့ မှာ စိတ်အားတက်ရသည် ဟု ထင်ပါသည် ။ မည်သို့ပင်ဖြ စ်စေ၊ ယနေ့ညတွင် မူ ပြုနေကျ အလေ့အထအတိုင်း ကျွန်တော် မလုပ်နို င်ဘဲဖြစ်လျက် ရှိသည် ။ ဂျိုးအနေဖြင့် သူ့လက်ထဲမှ ပေါင်မုန့်ကို တစ်ကို

က်ချင်းစီစားပြီး ကျွန်တော့်ဘက်သို့ မကြာမကြာ လှမ်းကြည့်ကာ ပေါင်မုန့်ကို စားဖို့ မျက်နှာရိပ်မျက်နှာကဲ ပြလျက် ရှိသည် မှာ အကြိမ်ပေါင်းများ လှပြီ ဖြစ်၏။ သို့သော်လည်း ကျွန်တော်သည် လက်ဖက်ရည်ခွက်အဝါကြီးကို ဒူးတစ်ဖက်ပေါ်တွင် တင်၍ ပေါင်မုန့်ထောပတ်သုတ် တစ်ပိုင်းကို တခြားဒူးတစ်ဖက်ပေါ်တွင် တကာ လက်များ နှင့် ပင် မထိမတို့ ဘဲ ထိုင်နေမိပါသည် ။ နောက်ဆုံးတွင် ကျွန်တော်လုပ်မည်ဟု ရည်ရွယ်ထားသည့် အလုပ်ကို မဖြစ်မနေ လုပ်မှ ဖြစ်တော့မည်ဟု စိတ်ပျက်လက်ပျက် စဉ်းစားမိသည် ။ ဂျိုးက ကျွန်တော့်အား ငေး၍ ကြည့်နေသည့် အခိုက်မှာ ပင် ကျွန်တော်လည်း ဒူးပေါ်မှ ပေါင်မုန့်ထောပတ်သုတ်ကို ကောက်ယူကာ လက်ကို ဘေးတစ်ဖက်သို့ တွဲလောင်းချထားလိုက်ပါသည် ။

ဂျိုးကတော့ ကျွန်တော့်အဖြစ်ကို ကြည့်ပြီး စိတ်သက်သာပုံ မရပါ။ ကျွန်တော် စိတ်ညစ်ပြီး မစားဘဲနေသည် ဟု အထင်ရောက်ကာ စိတ်ရှုပ်နေပုံ ရ၏။ ကျွန်တော့်မျက်နှာကို တွေတွေငေးငေး ကြည့်ရင်းမှ ပင် သူ့လက်ထဲမှ ပေါင်မုန့်ကို ကိုက်လိုက်ဝါးလိုက်၊ မျိုချလိုက် လုပ်လျက်ရှိသည် ။ ဝါးနေပုံမှာ ယခင်ကလို သွက်လက်မြန်ဆန်ခြင်း မရှိ။ မဝါးချင်ဝါးချင် ဝါးနေရသည့် ပုံမျိုး ဖြစ်သည် ။ ဝါးပြီးသမျှကို မျိုချရာ၌ လည်း ဆေးတစ်လုံးကို မျိုချနေရသည့် နှယ် စိတ်မပါ့တပါဖြင့် ခက်ခက်ခဲခဲ မျိုချနေခြင်းမျိုး ဖြစ်၏။ ကျွန်တော်၏ အရိပ်အကဲကို မျက်ခြည်မပြတ် ကြည့်နေသော ဂျိုးသည် သူ့လက်ထဲမှ ပေါင်မုန့်ကို နောက်တစ်ကြိမ်ကိုက်ရန် ဟန်ပြင်ပြီးခါမှ မကိုက်သေးဘဲ တစ်ဖက်သို့ လှည့်ကြည့်လိုက်သည်ကို ကျွန်တော် မြင်လိုက်ရ၏။ ကျွန်တော်ကလည်း ရလာသည့် အခွင့်အရေးကို လျင်မြန်ဖျတ်လတ်စွာ အသုံးချလိုက်သည် ။ ဤသို့ဖြင့် ဂျိုး၏ မျက်လုံးများ ကျွန်တော့်ဘက် ပြန်လှည့်လာသည့် အချိန်တွင် ကျွန်တော့်လ

က်ထဲ၌ ပေါင်မုန့်ထောပတ်သုတ် မရှိတော့ပါ။

ပေါင်မုန့်ကို ကိုက်ရန်ဟန်ပြင်လျက် ရှိသော ဂျိုး၏ ပါးစပ်သည် ပေါင်မုန့်ကို မကိုက်နိုင်တော့ပါ။ အလွန်အံ့သြထိတ်လန့်လျက် ရှိသော မျက်နှာထားဖြင့် ပါးစပ်အဟောင်းသား ဖြစ်ကာ ကျွန်တော့်အား ငေးငေးကြီးကြည့်လျက် ရှိသည် ။ ဤမျှလောက်အထိ အခြေပျက်သွားသော ဂျိုး၏ အဖြစ်ကို မျက်စိရှင်လှသော ကျွန်တော့်အစ်မက ချက်ချင်းပင် မြင်သည် ။

"ဘာဖြစ်တာလဲ’ အစ်မက လက်ဖက်ရည်ခွက်ကို ချလိုက်ပြီး ဂျိုးအား လှမ်းမေးသည် ။

"ဒီမှာ ငါပြောမယ်၊ မင်းလည်း သိမှာ ပါကွာ..." ဟု ဂျိုးက ထစ်တီးထစ်ငေါ့ ရေရွတ်သည် ။ ကျွန်တော့်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ကာ ကျွန်တော့်အပြုအမူကို သဘောမကျသည့် လက္ခဏာဖြင့် ခေါင်းယမ်းသည် ။

"ဒီမယ်... ပစ်ပ်၊ အခု မင်းလုပ်လိုက်တာဟာ မင်းကိုယ်မင်း ဘေးဖြစ်အောင် လုပ်တာပဲကွ သိလား၊ အခုပုံဆိုရင် တစ်နေရာရာမှာ သွားပြီး တစ်နေလိမ့်မယ်၊ ဝါးလိုက်ဖို့ တော့ ကောင်းပါတယ် ပစ်ပ်ရာ"

"ဘာဖြစ်နေတာလဲ။ မေးနေတာ မကြားဘူးလား" အစ်မ၏ အသံတွင် ဒေါသအရိပ်အငွေ့ ပါလာသည် ။

"ချောင်းဆိုးထုတ်လိုက်ပါလားကွ။ ငါကတော့ ချောင်းဆိုးပြီး ထုတ်လိုက်ရင် ကောင်းမယ်ထင်တယ်" ဟု ဂျိုးက ထပ်ပြောပြန်သည် ။

"အလေ့အကျင့်ကတော့ အလေ့အကျင့်ပေါ့ကွာ၊ ဒါပေမဲ့ နင်နေမှာကွ"

ထိုအချိန်တွင် ကျွန်တော့်အစ်မသည် ဒေါသကြီးနေပြီ ဖြစ်၏။ သူသည် ထိုင်ရာမှ ထကာ ဂျိုး၏ ပါးမုန်းမွေးနှစ်ဖက်ကို ဆွဲပြီး ဂျိုး၏ ခေါင်းကို ဂျိုး၏ နောက်မှ နံရံနှင့် သုံးလေးချက်မျှ ဆောင့်လိုက်သည် ။ ကျွန်တော့်အနေဖြင့် ဘာမှ ဝင်မပြောရဲပါ။ ကိုယ့်နေရာတွင် အသာကလေး ငြိမ်ကုပ်ပြီး ထိုင်နေပါသည် ။

"ကဲ.. မှတ်ကရော၊ မေးနေတာကို ဖြေတော့မလား... ဟဲ့၊ ဝက်ကောင်ရဲ့ "

ဂျိုးသည် ကြံရာမရ ဖြစ်နေသည့် မျက်နှာထားဖြင့် အစ်မကို မော့ကြည့်သည် ။ ထို့နောက် လက်ထဲမှ ပေါင်မုန့်ကို တစ်ကိုက်ကိုက်လိုက်ပြီး ကျွန်တော့်ဘက်သို့ လှည့်ကြည့်သည် ။

"မင်းအသိပါ ပစ်ပ်ရာ" ဂျိုးက ဣန္ဒြေကြီးဖြင့် လှမ်းပြောသည် ။ နောက်ဆုံးတစ်ကိုက်ဖြစ်သော ပေါင်မုန့်သည် သူ့ပါးစောင်တွင် ဖောင်းလျက်ရှိသည် ။ သူသည် ကျွန်တော်တို့ နှစ်ဦးတည်း ရှိနေသည့် အလား စကားကို အေးအေးဆေးဆေး လေသံဖြင့် ပြောနေခြင်း ဖြစ်၏။

"မင်းနဲ့ ငါဟာ အမြဲတမ်း သူငယ်ချင်းလို နေခဲ့ကြတာပါကွာ၊ မင့်အကြောင်းဆိုရင် ငါ ဘယ်တော့မှ မပြောပါဘူး။ ဒါပေမဲ့... ဒါမျိုးကတော့...." သူသည် ကုလားထိုင်ကို နောက်သို့ရွှေ့လိုက်ပြီး သူနှင့် ကျွန်တော်ကြားရှိ ကြမ်းပြင်ကို ငုံ့ကြည့်နေသည် ။ ထို့နောက် ကျွန်တော့်ကို တစ်ချက်မျှ လှမ်းကြည့်ပြီး...

"အခုလို လုံးလုံးမဝါးဘဲ မျိုချတာမျိုးကတော့...."

"ဘာလဲ၊ ဒီကောင် ပေါင်မုန့်ကို မျိုချပြန်ပြီလား" ဟု အစ်မက အော်သည် ။

"မင်းအသိပါ... ငါ့လူရာ" ဟု ဂျိုးကတော့ အစ်မကို မကြည့်ဘဲ ကျွန်တော့်မျက်နှာကိုသာ စေ့စေ့စိုက်ကြည့်ပြီး ပြောပြန်သည် ။ ပါးစောင်တွင် ငုံထားသည့် ပေါင်မုန့်အစကို ယခုအချိန်ထိ မျိုမချသေး။

"ငါကိုယ်တိုင်လည်း မင့်အသက်အရွယ်လောက်တုန်းက မဝါးဘဲ မျိုးချဖူးပါတယ်ကွာ...။ မျိုတာမှ ခဏခဏပဲ၊ ကလေးဘဝတုန်းကတော့ အမျိုသမားတွေ အများကြီးကြားမှာ ငါလည်း တစ်ယောက်ပေါ့၊ ဒါပေမဲ့... မင်းလိုမျိုချတာမျိုးတော့ မတွေ့ဖူးဘူးကွ၊ မင်းလည်ပင်းနင်ပြီး သေမသွားတာပဲ တော်လှပြီလို့ ဆိုရတော့မှာ ပဲ"

အစ်မ၏ အာရုံသည် ကျွန်တော့်ဆီသို့ ရောက်လာသည် ။ ကျွန်တော့် ဆံပင်ကို လက်ဖြင့်စုဆွဲကာ ထိုင်ရာမှ ထစေပြီး ကြောက်စရာအကောင်း ဆုံးသော စကားတစ်ခွန်းကို ပြောသည် ။ "ကဲ... ထ၊ လာ။ နင့်ကို ဆေးတိုက်ရမယ်"

ထိုခေတ်ထိုအခါက ဆေးပညာရှင်ဟု ခေါ်သော သတ္တဝါကြီးတချို့၏ ပြန်လည် ဆန်းစစ်မှုကြောင့် ကတ္တရာဆေးရည်ကို အလွန်အစွမ်းထက်သော ဆေးတစ်လက်အဖြစ် လူတိုင်းက အသိအမှတ်ပြုထားကြသည် ဖြစ်ရာ၊ ကျွန်တော့်အစ်မ မစ္စက်ဂျိုးကလည်း ထိုဆေးရည်ကို သူ့ကြောင်အိမ်ထဲ၌ အိမ်သုံးဆေးတစ်လက်အဖြစ် အမြဲဆောင်ထားသည် ။ လူတိုင်းလိုလိုက ဤဆေးရည်၏ ကောင်းမြတ်သော အကျိုးအာနိသင်များ အပေါ်တွင် ယုံကြည်မှု ပြင်းထန်လျက် ရှိကြသဖြင့် ဤဆေးရည်၏ စက်ဆုပ်ဖွယ်ရာကောင်းသည့် အပိုင်းများကို သတိမရကြတော့ပေ။ အချိန်တိုင်းလိုလို ဤဆေးရည်ကို အားဆေးအဖြစ် ဓွတ်အဓမ္မ အတိုက်ခံခဲ့ရသော ကျွန်တော်အဖို့ ဤဆေးရည်၏ မနှစ်မြို့ဖွယ်ရာကောင်းသည့် အရည်အသွေးများကို ကောင်းစွာ သိနေသည် ။ အထူးသဖြင့် ဤဆေးရည်

ကို သောက်ပြီးတိုင်း ကျွန်တော်ကိုယ်မှ ဝင်းထရံအသစ်နံ့ ထွက်နေသည်ကို အမြဲတမ်း သတိထားမိ၏။ ယနေ့ည ဖြစ်ပေါ်လာရသည့် ကျွန်တော်၏ လုပ်ရပ်သည် ကတ္တရာဆေးရည် တစ်ပိုင့်လောက်သောက်ဖို့ လိုအပ်သည် မှာ အခိုင်အမာ ယူဆထားပြီးဖြစ်သော ကျွန်တော့်အစ်မသည် ဆေးရည်ကို ကျွန်တော် သက်သောင့်သက်သာ မျိုချနိုင်စေရန် အလို့ ငှာ ကျွန်တော့်လည်ပင်ကိုး သူချိုင်းကြားတွင် ညှပ်၍ ဤဆေးရည်ကို ကျွန်တော့်လည်ချောင်းအတွင်းသို့ လောင်းထည့်စေသည် ။ ကျွန်တော့်အပေါ် စေတနာရှိရှာသော ဂျိုးကလည်း ကျွန်တော့်အကျိုးကို ရှေးရှု၍ ကတ္တရာဆေးရည် ပိုင့်ဝက်ကို ဖိတ်အောင် လုပ်ပစ်လိုက်သည် ။ ဤသို့ဖြင့် ကျွန်တော့်ဗိုက်ထဲသို့ ဆေးရည်ပိုင့်ဝက်မျှသာ ရောက်သွားခဲ့၏။ သို့သော်လည်း ဖိတ်သွားသော ဆေးရည်ပိုင့်ဝက်အတွက် မကျေမနပ်ဖြစ်နေသော ကျွန်တော့်အစ်မက ကတ္တရာဆေးရည်ပိုင့်ဝက် ဂျိုးအား သောက်ခိုင်းသဖြင့် ဂျိုးခမျာ ဆေးရည်ပိုင့်ဝက်ကို မမျိုချင့်မျိုချင် အတင်းကြိတ်မှိတ်၍ မျိုချနေရသည့် အဖြစ်သို့ ဆိုက်ရောက်သွားခဲ့ရလေ၏။

လူကြီးဖြစ်စေ၊ ကလေးဖြစ်စေ သူ၏ ကိုယ်ကျင့်တရားကို ပြန်လည်ဝေဖန်ဆန်းစစ်ရမည့် တာဝန်မျိုး ရှိလာသည့် အခါတွင် သူ့၌ ရှိနေသော အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သည့် အသိစိတ်သည် အလွန်ကြောက်စရာကောင်းသော အရာတစ်ခုအဖြစ် ရောက်ရှိလာတတ်၏။ မည်သို့ပင်ဖြစ်စေ ကလေးတစ်ယောက် အဖို့ ကတော့ လျှို့ဝှက်ထားရမည့် ကိစ္စကြီးတစ်ခု ရှိနေသည့် အထဲ သူ့ဘောင်းဘီရှည် ခြေထောက်အတွင်း၌ အခြားလျှို့ဝှက်ချက်ကြီးတစ်ခု ရှိနေခြင်းသည် အလွန်ကြီးမားသည့် အပြစ်ဒဏ်ကြီးတစ်ခုကို ခံနေရသည် နှင့် အတူတူပင် ဖြစ်ပေသည် ။ မစ္စက်ဂျိုးထံမှ ပစ္စည်းတစ်ခုခု ခိုးယူခြင်းသည် အပြစ်ကင်းသည့် အလုပ် မဟုတ်ဟူသော အသိစိတ်သည် စားပွဲတွင် ထိုင်၍ မိမိဝှက်ထားသည့် ပေါင်မုန့်

ထောပတ်သုတ် ထွက်ကျမသွားအောင် လက်တစ်ဖက်ဖြင့် ခက်ခက်ခဲခဲ ထိန်းနေရသော အချိန်ကာလအတွင်းမှာ ပင် ကျွန်တော့်ခေါင်းထဲသို့ ဝင်လာလျက် ရှိသည် ။ ဤနေရာတွင် ကျွန်တော့်အနေဖြင့် ဂျိုး၏ ပစ္စည်းကို ခိုးယူခြင်းဟု မယူဆပါ။ ဤအိမ်အတွင်း၌ အိမ်သုံးပစ္စည်းမှန်သမျှကို ဂျိုးပိုင်ဆိုင်သည် ဟု လည်း ကျွန်တော် ဘယ်တုန်းကမှ မတွေးခဲ့ဖူးပါ။ သို့ဖြစ်ရာ ကျွန်တော် ဤအိမ်အတွင်းမှ ပစ္စည်းတစ်ခုခုကို ခိုးယူသည် ဆိုငြားအံ့။ မစ္စက်ဂျိုး၏ ပစ္စည်းကိုသာ ခိုးယူခြင်းဖြစ်သည် ဟု ကျွန်တော် နားလည်ထားပါသည် ။ နောက်တစ်ချက်မှာ အိမ်တွင်းမှ ပစ္စည်းကို ခိုးယူရခြင်းသည် ကျွန်တော့်သဘောဆန္ဒဖြင့် ပြုလုပ်ခြင်း မဟုတ်။ တခြားလူတစ်ဦးတစ်ယောက်၏ စေခိုင်းချက်အရ လုပ်ဆောင်ရခြင်း ဖြစ်ရာ ဤအလုပ်ကို ကြီးမားသော အပြစ်ကြီးတစ်ခုဟု မယူဆတော့ဘဲ ကျွန်တော့်ခေါင်းထဲမှ ချက်ချင်းပင် ထုတ်ပစ်လိုက်ပါသည် ။ စိမ့်မြေပေါ်မှ ဖြတ်သန်းတိုက်ခတ်လာနေသော လေအရှိန်ဖြင့် မီးဖိုမီးသည် တထိန်ထိန် တညီးညီး တောက်လာသည် ။ ကျွန်တော့်စိတ်ထဲတွင် အိမ်အပြင်မှ အသံတစ်ခု ကြားနေရသည် ဟု ထင်လာမိ၏။ တခြားအသံ မဟုတ်။ သူခိုင်းသည့် အတိုင်း လုပ်ပါမည်ဟု ကျိန်ခိုင်းခဲ့သော သံခြေချင်းနှင့် လူကြီး၏ အသံ...။ သူ မနက်ဖြန်အထိ အစာငတ်မခံနိုင်တော့သဖြင့် အခုချက်ချင်း လာပို့ဟု ပြောနေခြင်း...။ တစ်ဆက်တည်းပင် ထိုလူကြီး၏ အဖော်လူငယ်အကြောင်းကို တွေးမိပြန်သည် ။ အကယ်၍ ထိုလူငယ်အနေဖြင့် သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ ကျွန်တော့်အား လာရောက်ဖမ်းဆီးခဲ့သည် ရှိသော် ကျွန်တော် ဘာလုပ်ရပါမည်နည်း။ အကယ်၍ အချိန်အမှတ်မှားပြီး ရောက်လာခဲ့ပါမူ မနက်ဖြန်မှာ လာရမည့် အစား ယနေ့ည လာပြီး ကျွန်တော်၏ အသည်းနှင့် နှလုံးကို ထုတ်ယူခဲ့ပါမူ ကျွန်တော် ဘာလုပ်ရမည်နည်း...။ လူတစ်ယောက်တွင် ကြောက်

စိတ်ဝင်လာပါက သူ့ခေါင်းမှ ဆံပင်များ သည် ထောင်၍ ထလာတတ်သည် ဟု ပြောကြ၏။ သို့ဆိုလျှင် ကျွန်တော့်ခေါင်းမှ ဆံပင်များ သည် ထောင်လာကြပေလိမ့်မည်။ သို့သော်လည်း မည်သူတစ်ဦးတစ်ယောက်မှ ထိုကဲ့သို့ ဖြစ်ကြမည်ဟု ကျွန်တော် မထင်ပါ။

ထိုနေ့သည် ခရစ္စမတ် အကြိုနေ့ဖြစ်ရာ နောက်တစ်နေ့တွင် ဖုတ်မည့် မုန့်ရည်အိုးကို မွှေပေးရမည့် တာဝန်သည် ကျွန်တော့်အပေါ်သို့ ကျရောက်လာသည် ။ ဤသို့ဖြင့် ကျွန်တော်သည် ဒတ်ချ်တိုင်ကပ်နာရီဟောင်းကြီးမှ ညွှန်ပြနေသည့် အချိန်အတိုင်း ညခုနစ်နာရီမှ ရှစ်နာရီအထိ တစ်နာရီတိတိ ကြေးဝါးတုတ်ချောင်းကြီး တစ်ချောင်းဖြင့် မုန့်ရည်မွှေသည့် အလုပ်ကို လုပ်နေရသည် ။ မုန့်အိုးကို အဆက်မပြတ် မွှေပေးနေရသည့် အခိုက်တွင် ဘောင်းဘီထဲ၌ ဝှက်ထားသော ပေါင်မုန့်ထောပတ်သုတ်သည် ခြေဖမိုးပေါ်သို့ လျှောကျမည်တကဲကဲ ဖြစ်နေသဖြင့် (ဤအဖြစ်ကြောင့် ခြေထောက်၌ သံခြေချင်းကြီး အခတ်ခံထားရသော လူကြီးကို ပြေး၍ သတိရလိုက်မိသေးသည် ။) ကျွန်တော့်မှာ ထိန်းရသိမ်းရ ခက်ကာ ဗျာများ လျက် ရှိ၏။ ထို့ကြောင့် လည်း ကျွန်တော်သည် အစ်မအလစ်တွင် ကျွန်တော့်အိပ်ခန်းတွင်းသို့ ပြေးဝင်ကာ ကျွန်တော့်စိတ်ကို မလုံမလဲဖြစ်အောင် ခြောက်လှန့်နေသာ ပေါင်မုန့်ထောပတ်သုတ်ကို ဝှက်ထားလိုက်ရလေသည် ။

မုန့်အိုးမွှေပြီးသွားသည့် အခါတွင် မူ ကျွန်တော့်တွင် ဘာမှ လုပ်စရာမရှိတော့ပါ။ အစ်မက အိပ်ရာမဝင်ခိုင်းမီ ရသမျှ အချိန်ကလေးအတွင်း နွေးနွေးထွေးထွေး ဖြစ်သွားစေရန်အတွက် မီးဖိုခေါင်းတိုင်ထောင့်၌ ထိုင်၍ မီးလှုံနေသည် ။ ထိုအခိုက်မှာ ပင် ခပ်ဝေးဝေး တစ်နေရာမှ အသံတစ်သံကို ကြားလိုက်ရသဖြင့်...

"ဟော… နားထောင်စမ်း" ဟု အလန့်တကြား ရေရွတ်လိုက်မိသည်။

"အခုကြားလိုက်ရတာ အမြောက်သံ မဟုတ်လား… ဂျိုး" ဟု လည်းလှမ်း၍ မေးလိုက်မိ၏။

"အေး… ဟုတ်တယ်" ဟု ဂျိုးက ပြန်ပြောသည်။

"နောက်ထပ် ထောင်သားတစ်ယောက် ထွက်ပြေးပြန်ပြီပေါ့ကွာ"

"ထွက်ပြေးတယ်ဆိုတာ ဘာလဲဗျ… ဂျိုး" ဟု ကျွန်တော်က ထပ်မေးသည်။

မည်သည့် ကိစ္စမျိုးမဆို အမြဲတစေ ဝင်ပါလေ့ရှိသော အစ်မက အသံစာစာဖြင့် ဝင်ပြောသည်။ "ထွက်ပြေးတယ်ဆိုတာ ထွက်ပြေးတာပေါ့ဟဲ့"

ကျွန်တော်က အစ်မ၏ အရိပ်အခြည်ကို တစ်ချက်မျှ လှမ်း၍ အကဲခတ်သည်။ အစ်မသည် သူချုပ်နေသော အဝတ်ပေါ်သို့ ခေါင်းငုံ့ကာ အလုပ်တွင် စိတ်ဝင်စားလျက်ရှိသည်။ သို့သော်လည်း အသံထွက်၍ မမေးဝံ့သဖြင့် ပါးစပ်ကို လှုပ်ရုံမျှသာ လှုပ်၍ "ထောင်သားဆိုတာ ဘာလဲ ဂျိုး" ဟု မေးသည်။ ဂျိုးကလည်း ကျွန်တော့်နည်းတူပင် ပါးစပ်မှ အသံမထွက်ဘဲ ပြန်ဖြေသည်။ သူ ရှင်းပြနေသည် မှာ အများကြီး ဖြစ်သော်လည်း 'ပစ်ပ်' ဟူသော စကားလုံးတစ်လုံးမှ လွဲ၍ တခြား ဘာကိုမှ နားမလည်ပါ။

ကျွန်တော် နားမလည်မှန်း ရိပ်မိသွားသောအခါ ဂျိုးက "မနေ့ညက ထောင်သားတစ်ယောက် ထွက်ပြေးတယ်" ဟု ခပ်ကျယ်ကျယ် ပြောသည်။

"သူထွက်ပြေးတာကို သတိပေးတဲ့ အနေနဲ့ ပစ်တာ၊ အခုတစ်ကြိမ် ထပ်ပစ်ပြန်တယ်။ ကြည့်ရတာတော့ နောက်တစ်ယောက် ထွက်ပြေးပြန်ပြီနဲ့ တူတယ်ကွ"

"ဘယ်သူ ပစ်တာလဲ" ဟု ကျွန်တော့်နှုတ်မှ မေးခွန်းတစ်ခု ထပ်ထွက်သွားပြန်သည် ။

"ဘယ်လိုသတ္တဝါလေးပါလိမ့်" အစ်မက ကျွန်တော့်ကို မျက်စောင်းတစ်ချက် ထိုးပြီး ဝင်ပြောသည် ။

"တော်တော့်ကို အမေးအမြန်းထူတဲ့ ကောင်လေးပါလား၊ တော်ပြီ ထပ်မနေနဲ့ တော့၊ နင်မေးတိုင်း ဖြေမနေနိုင်ဘူး"

ကျွန်တော့်ဘက်က သိချင်စိတ်များ လေလေ ပြောပြချင်စိတ် ပြင်းပြလေ ဖြစ်နေရသော ဂျိုးသည် အသံထွက်၍ မပြောသော်လည်း ပါးစပ်ကို တအားကုန်ဟ၍ စကားတစ်လုံးကို ရွတ်ပြသည် ။ သူ၏ ပါးစပ် အဖွင့်အပိတ်သည် 'ဆပ်' ဟူသော စကားလုံးကို ရွတ်လိုက်သည် ဟု ကျွန်တော်ထင်သည် ။ စိတ်ထဲတွင် မရေမရာ ဖြစ်နေသဖြင့် ကျွန်တော်က အစ်မဘက်သို့ လက်ညှိုးထိုးပြပြီး သူ့ကို ပြောတာလားဟု ပြန်မေးသည် ။ သို့သော်လည်း ဂျိုးသည် ကျွန်တော့်စကားကို နားမလည်နိုင်ဘဲ ဖြစ်လျက်ရှိ၏။ ထို့ကြောင့် သူသည် ပါးစပ်ကို အကျယ်ကြီးဖွင့်ကာ စကားတစ်လုံးကို ထပ်ပြောပြန်သည် ။ သို့သော်လည်း ကျွန်တော်ကတော့ သူပြောလိုက်သည့် စကားလုံးကို စဉ်းစား၍ မရပါ။

မတတ်သာသည့် အဆုံးတွင် ကျွန်တော်သည် အစ်မကိုပင် လှည့်၍ တောင်းပန်ရပါတော့သည် ။ "ကျွန်တော်သိချင်လွန်းလို့ ပါ... အစ်မရယ်၊ တကယ်လို့ အစ်မမှာ အနှောင့်အယှက် မဖြစ်ဘူးဆိုရင် တစ်ဆိတ်ပြောပြစမ်းပါ။ အဲဒီအမြောက်ကို ဘယ်နေရာက ပစ်လိုက်တာလဲ"

"ဒီကောင်လေးကို ဘုရားသခင် ကယ်မတော်မူပါ" ဟု အစ်မက ရေရွတ်သည် ။

"ထောင်သင်္ဘောတွေက ပစ်တာပေါ့ဟဲ"

ကျွန်တော်က ဂျိုး၏ မျက်နှာကို လှမ်းကြည့်ပြီး "ထောင်သင်္ဘောတွေက... ဟုတ်လား" ဟု သံယောင်လိုက်၍ ရေရွတ်မိသည် ။

ဂျိုးက ကျွန်တော့်ကို အပြစ်တင်လိုသည့် မျက်နှာဖြင့် ကြည့်သည် ။

"အေးလေကွာ...။ ငါ မင်းကို စောစောကတည်းက ပြောထားပြီးပြီပဲ" ဟု ပြောပြသည် ။

"ထောင်သင်္ဘောဆိုတာ ဘယ်လိုဟာမျိုးလဲ... ဟင်"

"ကဲ... တွေ့လား၊ အဲဒါ ဒီကောင်လေးရဲ့ အကျင့်ပဲ" အစ်မက သူ့လက်ထဲမှ ချုပ်လက်စအပ်ဖြင့် ကျွန်တော့်ဆီသို့ ထိုးပြပြီး ခေါင်းတခါခါလုပ်၍ ပြောသည် ။

"သူ့ကို တစ်ခွန်းဖြေလိုက်ရင် ချက်ချင်း မေးခွန်းပေါင်း တစ်ဒါဇင်လောက် ထပ်မေးချင်တယ်၊ ထောင်သင်္ဘောဆိုတာ ထောင်သားတွေတင်တဲ့ သင်္ဘောပေါ့... ဟဲ့၊ နုန်းတွေ၊ ဒိုက်တွေကို ဖြတ်သွားနိုင်တယ်၊ စိမ့်မြေသိပ်ပေါတဲ့ ငါတို့ ဒေသမှာ အဲသလိုပဲ ခေါ်ကြတယ်"

"ဘယ်သူတွေက ထောင်သားတွေကို သင်္ဘောပေါ်တင်သလဲ၊ ဘာဖြစ်လို့ သူတို့ ကို အဲသည် လို တင်ထားရတာလဲ" ဟု ကျွန်တော်က ပြောသည် ။

ဤမျှလောက်အထိ မေးလာခြင်းသည် လွန်လွန်းပြီဟု ယူဆလိုက်ပြီး ဖြစ်သော ကျွန်တော့်အစ်မသည် ထိုင်ရာမှ ထရပ်သည် ။ "ဒီမှာ ဟဲ့ ကောင်လေး၊ ငါပြောပြမယ်၊ နားထောင်" ဟု ပြောသည် ။ "နင်ဟာ တခြားလူ

တွေအတွက် အခုလို အနှောင့်အယှက် ဖြစ်လာလိမ့်မယ်ဆိုတာ စောစော ကတည်းက သိရင် နင့်ကို ငါ မမွေးဘူး သိလား၊ တကယ်လို့ မမွေးပြန်ရ င်လည်း ငါ့ကို ဘယ်သူကမှ ချီးမွမ်းမှာ မဟုတ်ဘူး ၊ ဝိုင်းပြီး ကဲ့ရဲ့ ကြမှာ သေချာတယ်။ လူတွေကို ထောင်သင်္ဘောတွေပေါ်တင်တာ ဘာပြုလို့ လဲ ဆိုတော့ သူတို့ က လူတွေကို သတ်လို့ ၊ သူများ ပစ္စည်းကို ခိုးလို့ တိုက် လို့ ၊ လုလို့ ၊ ယက်လို့ ၊ လိမ်လို့ မကောင်းတဲ့ အလုပ်တွေကို လုပ်လို့ ဟဲ့၊ အဲဒီအကောင်မျိုးတွေဟာ နင်အခု မေးနေသလိုပဲ၊ ပေါက်တတ်ကရတွေ ကို မေးတတ်တယ်၊ အဲဒါ ကြီးလာရင် ဆိုးဖို့ အစပြုတာ... ဟဲ့။ သိလား၊ ကဲ... ပြီးပြီ။ ဒါပဲ။ သွားအိပ်ချေတော့"

ကျွန်တော့်အစ်မက ကျွန်တော့်အား အိပ်ခန်းထဲတွင် ဘယ်တော့မှ ဖ ယောင်းတိုင် ထွန်းခွင့်ပြုသည် မဟုတ်ပါ။ ထို့ကြောင့် လည်း ကျွန်တော် သည် မှောင်ကြီးမည်းမည်းထဲတွင် လှေကားကို စမ်းတဝါးဝါး တက်လာ ခဲ့ရပါတယ်။ ကျွန်တော့်ခေါင်းသည် အတွေးများ ဖြင့် ရစ်ပတ်ရှုပ်ထွေး လျက် ရှိ၏။ အထူးသဖြင့် အစ်မ နောက်ဆုံးပြောလိုက်သော စကားများ သည် ကျွန်တော့်အတွက် စဉ်းစားစရာ ဖြစ်နေသည် ။ အခုလိုအတိုင်းဆို လျှင် ထောင်သင်္ဘောများ သည် ကျွန်တော်နှင့် များ စွာ နီးစပ်လျက်ရှိသ ည် ဟု ထင်မိ၏။ ကျွန်တော့်ရှေ့တွင် ထောင်သင်္ဘောပေါ်သို့ သွားရာလမ်းသည် အလွန်ဖြောင့်ဖြူးလျက် ရှိ၏။ ထိုလမ်းကို ကျွန်တော် ပြက်ပြက်ထင်ထင် မြင်နေရသည့် နှယ် ခံစားရ၏။ ကျွန်တော်သည် ကို ယ့်ကိုယ်ကိုယ် မေးခွန်းပေါင်းများ စွာ မေးမိသည် ။ ဘာပဲဖြစ်ဖြစ် အခု လောလောဆယ် အခြေအနေအရ ကျွန်တော့်အစ်မ၏ ပစ္စည်းကို ကျွန် တော် ခိုးရပေတော့မည်။

အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့အောင် ခြောက်လှန့်ခြင်း ခံစားရ သည့် ကလေးသူငယ်တစ်ယောက်အဖို့ သူ့ရင်ထဲ၌ ရှိနေသော လျှို့ဝှက်ချ

က်ကို အခြားလူများအား ထုတ်ဖော်ပြောဖို့ ဆိုသည် မှာ လွယ်သည် မဟုတ်ပါ။ ခြောက်လှန့်ထားသည့် အကြောင်းအရာသည် မည်မျှပင် ယုတ္တိမရှိစေကာမူ ကြောက်မိပြီဆိုလျှင် ကလေးပီပီ ကြောက်သည် သာ ဖြစ်၏။ ကျွန်တော့်အနေနှင့် ကျွန်တော့်အသည်းနှင့် နှလုံးကို ထုတ်စားလိုသော လူငယ်ကိုရော သံခြေချင်းကြီး ခတ်ထားသည့် လူကြီးကိုပါ ကြောက်နေသည် မှာ အမှန်ဖြစ်သည် ။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ပေးထားသည့် ကတိကို မဖြစ်မနေ အကောင်အထည်ဖော်ရမည့် ကျွန်တော့်ကို ကျွန်တော်လည်း ကြောက်ရွံ့လျက် ရှိပါသည် ။ အဘက်ဘက်တွင် ဩဇာအာဏာကြီးမားလျက်ရှိသော ကျွန်တော့်အစ်မ အကူအညီဖြင့် ဤကိစ္စကို ဖြေရှင်းသွားဖို့ ဆိုသည် မှာ လည်း မျှော်လင့်၍ မဖြစ်ပါ။ အစ်မသည် ကျွန်တော်ပြောသမျှကို ယုံကြည်လက်ခံသူ မဟုတ်ပါ။ ဤကိစ္စကို ကျွန်တော် မည်ကဲ့သို့ လုပ်သင့်ပါသနည်း။

ထိုညတစ်ညလုံး ကောင်းစွာ အိပ်၍ မရပါ။ အိပ်မပျော်ရသည့် အထဲတွင် ချောက်ချားစရာကောင်းသည့် အတွေးများ ၏ ဖိစီးနှိပ်စက်ခြင်းကို ခံရသေးသည် ။ ကျွန်တော်သည် အရှိန်ပြင်းစွာဖြင့် စီးဆင်းလျက် ရှိသော မြစ်ရေပြင်တွင် ထောင်သင်္ဘောကြီးဆီသို့ ဦးတည်၍ မျောပါသွားလျက်ရှိသည် ။ စက်တိုင်ကြီးအနီးမှ ဖြတ်သန်းသွားသောအခါ ထိုစက်တိုင်၌ ကြိုးပေး၍ အသတ်ခံခဲ့ရသော ပင်လယ်ဓားပြကြီးက ကျွန်တော့်အား တကြော်ကြော်ဟစ်၍ ခေါ်နေသည် ။ စက်တိုင်ကြီးရှိရာ ကမ်းစပ်သို့ ကူး လာပြီး ချက်ချင်း ကြိုးစင်တင်၍ အသတ်ခံလည့်ဟု အော်ပြောနေသည် ။ ကျွန်တော့်အနေဖြင့် စိတ်ချလက်ချလည်း မအိပ်ဝံ့ပါ။ လုပ်စရာအလုပ်က ရှိနေသဖြင့် အိပ်ပျော်သွားမည်ကိုပင် ကြောက်လျက် ရှိသည် ။ နံနက်အရုဏ်တက်ချိန်တွင် ဟိုလူကြီးအတွက် စားစရာတနစ်ခုကို ကျွန်တော် ခိုးရလိမ့်ဦးမည်။ အခုလို ညဦးပိုင်း၏ မှောင်ကြီးမည်းမည်း

ထဲမှာ တော့ ဘယ်နည်းနှင့် မှ ခိုး၍ လွယ်လိမ့်မည်မဟုတ်။ အလင်းရောင်မရှိဘဲနှင့် ကိုယ်လိုချင်သော ပစ္စည်းကို ရွေးယူဖို့ ဆိုသည် မှာ လွယ်ကူသည့် အလုပ် မဟုတ်။ အကယ်၍ မီးထွန်းမည်ဆိုပါက မီးခတ်ကျောက်ကို သုံးရလိမ့်မည်။ ထိုအခါ မီးခတ်ကျောက်ခတ်သံသည် ပင်လယ်ဓားပြကြီး၏ လည်ပင်းတွင် စွပ်ခဲ့သည့် သံကြိုးလှုပ်သကဲ့သို့ ကျယ်လောင်သောအသံကို ပြုပေလိမ့်မည်။

ကျွန်တော့်အိပ်ခန်းပြတင်းပေါက်၏ အပြင်ဘက်ရှိ အမှောင်ထုကြားသို့ ပြာလဲ့လဲ့အလင်းရောင် ထိုးဖောက်ဝင်ရောက်လာသည် နှင့် တစ်ပြိုင်နက် ကျွန်တော်သည် အိပ်ရာမှ ထကာ အောက်ထပ်သို့ ဆင်းခဲ့သည် ။ ကျွန်တော် လျှောက်သွားနေခိုက်တွင် ကျွန်တော့်ခြေထောက်များ အောက်မှ ကြမ်းခင်းများ သည် တကျွီကျွီ အော်မြည်လျက် ရှိကြ၏။ မြည်လိုက်သည့် အခါတိုင်း ကျွန်တော့်နားထဲတွင် "ဟော့... သူခိုး ရပ်၊ ထဗျို့... မစ္စက်ဂျိုး၊ သူခိုးလာနေပြီ" ဟု အော်ဟစ်နေသည် ဟု ထင်မိသည် ။ အချိန်အခါမှာ ခရစ္စမတ်ပွဲတော် ကျင်းပတော့မည့် ရက် ဖြစ်သဖြင့် အထူးတလည် ပြုလုပ်ပြီး သိမ်းဆည်းထားသော အစားအစာများ ယခင်ကထက်များ ပြားနေရုံမျှမက အမည်စုံလှသည် ကို တွေ့ရ၏။ ခြေထောက်များကိုချည်၍ ဇောက်ထိုးဆွဲထားသော ယုန်တစ်ကောင်သည် ကျွန်တော့်ကိုဆီး၍ ခြောက်လှန့်လျက် ရှိလေသည် ။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်အနေဖြင့် ကြောင်အိမ်ထဲမှ အစားအစာများကို အသေအချာ စစ်ဆေးနေဖို့ကတော့ အချိန်မရ။ စိမ်ပြေနပြေ တစ်ခုချင်းစီ ရွေးချယ်နေဖို့ လည်း အချိန်မရှိ။ အဆင်သင့်တွေ့နေရသည့် အစားအစာများ ထဲမှ ပေါင်မုန့်၊ ဒိန်ခဲနှင့် အမဲသားစဉ်းကောကြော်များကို နည်းနည်းစီခွဲ၍ ယူလိုက်သည် ။ ယင်းတို့ ကို မနေ့ညက ဇုက်ထားသည့် ပေါင်မုန့်ထောပတ်သုတ်နှင့် ရောပြီး လက်ကိုင်ပဝါနှင့် ထုပ်လိုက်၏။ ထို့နောက် ကျောက်ဘူးကြီးထဲမှ ဘ

ရန်ဒီနည်းနည်းကို ဖန်ဘူးတစ်လုံးထဲသို့ ထည့်လိုက်သည် ။ ဘရန်ဒီ လျော့နေသည် ကို မရိပ်မိစေရန်အတွက် မီးဖိုခန်း ကြောင်အိမ်စင်ပေါ်ရှိ အိုးတစ်လုံးထဲမှ ရေအနည်းငယ်ကို ကျောက်ဘူးကြီးထဲသို့ ဖြည့်ထည့်လိုက်၏။ ကြောင်အိမ်ထောင့် တစ်နေရာတွင် မြေအိုးတစ်လုံးဖြင့် အကျအန ထည့်၍ ဖုံးထားသော ဝက်သားမုန့်ကြီးတစ်လုံးကို တွေ့ရပြန်သည် ။ သိမ်းဆည်းထားပုံမှာ ရတ်တရက် စားဦးမည့် လက္ခဏာမရှိ။ အကယ်၍ ပျောက်ဆုံးနေပါကလည်း ချက်ချင်း သိနိုင်လိမ့်မည် မဟုတ်ဟု တွေးမိသဖြင့် ထိုမုန့်ကြီးကိုပါ ယူလိုက်သည် ။

မီးဖိုချောင် တံခါးတစ်ပေါက်သည် ပန်းပဲဖိုနှင့် ဆက်လျက် ရှိသည် ဖြစ်ရာ ကျွန်တော်သည် ထိုတံခါးပေါက်မှ နေ၍ ပန်းပဲဖိုထဲသို့ ဝင်ခဲ့ပြီး ဂျိုး၏ ကိရိယာတန်ဆာပလာများ ထဲမှ တံစဉ်းတစ်ချောင်းကို ယူလိုက်သည် ။ ထို့နောက် ပစ္စည်းကိရိယာများကို ခြေရာလက်ရာမပျက်အောင် နေသားတကျ ပြန်ထားလိုက်ပြီး ယမန်နေ့ ညနေခင်း သင်္ချိုင်းကုန်းမှ ပြန်လာခဲ့စဉ်က ကျွန်တော်ဝင်ခဲ့သည့် တံခါးကို တွန်းဖွင့်ကာ မြူနှင်းများ ဖုံးအုပ်လျက်ရှိသော စိမ့်မြေတောဘက်ဆီသို့ ကဆုန်စိုင်း၍ ပြေးထွက်လာခဲ့လေ၏။

*****

(၃)

ထိုနေ့နံနက်သည် ဆီးနှင်းများ ထူထပ်ပြီး အလွန်စွတ်စိုသော အေးမြသော နံနက် ဖြစ်၏။ ထုထည်ကြီးမားလှသော ဤစွတ်စိုထိုင်းမှိုင်းခြင်းကို ယမန်နေ့ညက ကျွန်တော့်အခန်း ပြတင်းပေါက်မှ နေ၍ မြင်တွေ့ခဲ့ရသည် ။ နတ်ဆိုးနတ်မိစ္ဆာကြီးတချို့ တစ်ညလုံးထိုင်၍ ငိုကြွေးနေကြသည် နှင့် တူလှသည် ဟု ထင်ခဲ့မိ၏။ ကျွန်တော့်အခန်း ပြတင်းပေါက်မှန်ကိုမူ သူတို့ ၏ မျက်ရည်များ သုတ်ရာ လက်ကိုင်ပဝါအဖြစ် အသုံးပြုခဲ့ကြသည် ဟု တွေးခဲ့မိ၏။ အခုကျတော့လည်း ဤစွတ်စိုထိုင်းမှိုင်းမှုကြီးကို ခြံစည်းရိုးများ နှင့် မြက်ခင်းပြင်များ ပေါ်၌ မျက်ဝါးထင်ထင် မြင်နေရသည် ။ သစ်ရွက်သစ်ခက်များ ၌ တွဲလွဲခိုကြသော နှင်းသီးနှင်းပေါက်များ နှင့် ဆီးနှင်းခဲများ သည် ပင့်ကူအိမ်များ နှင့် တူလှချေသည် ။ ခြံဝင်းတိုင်များ ၊ တန်းများ နှင့် ဂိတ်တံခါးများ ပေါ်တွင် ဆီးနှင်းများ သည် အဆုပ်လိုက်၊ အခဲလိုက် တင်နေကြသည် ဖြစ်ရာ အားလုံးသည် စွတ်စိုလျက်ရှိကြ၏။ ထူထပ်သိပ်သည်းစွာ ကျဆင်းကာဆီးလျက်ရှိသော ဆီးနှင်းများကြောင့် ဘာကိုမှ သဲသဲကွဲကွဲ မြင်နေရသည် မရှိ။ ကျွန်တော်တို့ရွာသို့ သွားရာလမ်းကို ခရီးသွားများ အလွယ်တကူ သိရှိစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် စိုက်ထူထားသည့် လမ်းညွှန်တိုင်ကြီး (ထိုတိုင်ကြီး၏ ညွှန်ပြမှုကို လူများက ဘယ်တော့မှ လက်ခံ၍ အသုံးမပြုကြပါ။ အကြောင်းမှာ သူတို့ အနေဖြင့် ကျွန်တော်တို့ ရွာကို ဘယ်တော့မှ

မလာကြခြင်းကြောင့် ဖြစ်ပါသည် ။) ကိုပင် ကျွန်တော် မမြင်ပါ။ အနား ရောက်တော့မှ ဘွားခနဲ တွေ့ရခြင်း ဖြစ်၏။ တိုင်ကြီးကို ကျွန်တော် မော့ကြည့်မိသည် ။ ကျွန်တော့်စိတ်ထဲတွင် ထောင်သဘော်ကြီးဆီသို့ လ မ်းညွှန်နေသည့် တစ္ဆေကြီးတစ်ကောင်နှင့် တူလျက် ရှိလေသည် ။

ကျွန်တော် စိမ့်မြေများ ပေါ် ရောက်သွားချိန်အထိ ဆီးနှင်းများ သည် ထူထပ်သိပ်သည်းစွာ ကျဆင်းနေဆဲ ဖြစ်သည် ။ ပတ်ဝန်းကျင်ရှိ အရာ ရာတိုင်းသည် ကျွန်တော်နှင့် အတူ ပြေး၍ လိုက်လာနေကြသည့် နှယ် ရှိ သည် ။ ဤအထင်သည် မလုံ၏ မလဲ ဖြစ်နေသော ကျွန်တော့်စိတ်ကို ပို၍ ချောက်ချားအောင် ဖန်တီးလျက် ရှိ၏။ မြူနှင်းများကြားမှ ဘွားခနဲ… ဘွားခနဲ ပေါ်လာနေသော ဝင်းတံခါးများ ၊ တာရိုးတာတမံများ ၊ ဆည်မြောင်း ကန်ပေါင်များ သည် "တခြားလူတစ်ယောက်ရဲ့ ဝက်သား မုန့်ကြီးကို ခိုးလာတဲ့ ကောင်ကလေး… ဟေ့၊ ဖမ်းလိုက်ကြဟ" ဟု ဆီး၍ အော်ဟစ်နေသည် ဟု ထင်သည် ။ ကွင်းပြင်အတွင်း၌ ကျက်စားနေကြ သော နွားများကလည်း သူတို့ နှာခေါင်းများမှ အငွေ့များကို တထောင်း ထောင်း ထနေအောင် တရှူးရှူးမှုတ်ထုတ်ကာ ကျွန်တော့်အား လှမ်းမျှော်၍ ကြည့်နေကြသည် ။ သူတို့ ကလည်း ကျွန်တော့်ကို "အလို … သူခိုးလေးပါလား" ဟု ဆီးကြို၍ ပြောနေကြသည် ဟု ထင်မိသည် ။ လည်ပတ်ကြိုးအဖြူနှင့် နွားနက်ကြီးတစ်ကောင်ကမူ ကျွန်တော့်ကို စူး စူးရဲရဲကြီး ဆီး၍ ကြည့်ပြီး သူ့ခေါင်းကြီးကို တယမ်းယမ်း လှုပ်လျက် ရှိ သဖြင့် ကျွန်တော့်စိတ်မှာ မလုံမလဲ ဖြစ်ရသည် ။ "ကျွန်တော် ဘယ်လိုမှ မတတ်နိုင်လို့ လုပ်ရတာပါဗျာ၊ အခုယူလာတဲ့ ပစ္စည်းတွေဟာ ကျွန် တော့်အတွက်လည်း မဟုတ်ပါဘူး" ဟု အသံထွက်၍ ပြောလိုက်မိ၏။ ကျွန်တော့်အသံကို ကြားသောအခါ နွားနက်ကြီးသည် သူ့ခေါင်းကြီးကို ငုံ့လိုက်ပြီး သူ့နှာခေါင်းမှ အခိုးအငွေ့များကို ရှူးခနဲ မှုတ်လိုက်သည် ။

ထို့နောက် သူ၏ နောက်ခြေနှစ်ချောင်းကို မြှောက်၍ ကန်လိုက်ပြီး အမြီးကြီးကို ထောင်ကာ မြူနှင်းများကြားသို့ ပြေးဝင်ပျောက်ကွယ်သွား လေသည် ။

တစ်ချိန်လုံးလိုလိုပင် ကျွန်တော်သည် မြစ်ဆီသို့ ရှေးရှုကာ ပြေးနေခြင်း ဖြစ်၏။ သို့သော်လည်း မည်မျှလောက်ပင် မြန်အောင် ပြေး နေစေကာမူ ကျွန်တော့်ခြေထောက်များ သည် နွေးနွေးထွေးထွေး ဖြစ်မ လာပါ။ ကျွန်တော့်ခြေထောက်များ တွင် ရှိနေသော အစိုဓာတ်နှင့် အ အေးဓာတ်များ သည် မကြာခင် ကျွန်တော်နှင့် တွေ့ရတော့မည့် လူကြီး၏ ခြေထောက်တွင် ခတ်ထားသည် သံခြေချင်းကြီးများကဲ့သို့ ခွာမရအောင် စွဲကပ်လျက် ရှိသည် ။ တနင်္ဂနွေတစ်ရက်က ဂျိုးနှင့် အတူ တစ်ကြိမ်ရော က်ခဲ့ဖူးသဖြင့် လမ်းကောင်းစွာ သိနေသော ကျွန်တော်သည် အမြောက် ဟောင်းကြီးရှိရာဘက်သို့ တန်းတန်းမတ်မတ် ပြေးသွားလျက်ရှိသည် ။ ကျွန်တော်နှင့် ဂျိုးတို့ ရောက်ခဲ့ကြစဉ်က ဂျိုးသည် အမြောက်ကြီးပေါ်၌ ထိုင်၍ သူရည်မှန်းထားသည့် အတိုင်းသာ သူ့ပန်းပဲဖို၌ ကျွန်တော် အလု ပ်သင်ဖြစ်မည်ဆိုပါက နှစ်ဦးစလုံးအတွက် အလွန်ပျော်စရာ ကောင်းလိ မ့်မည်ဟု သူ ထင်ကြောင်း ပြောပြခဲ့ဖူး၏။ ကျွန်တော့်အနေဖြင့် လမ်းကို ကောင်းစွာ သိနေသည် ဟု ဆိုရသော်လည်း အဆမတန် ကျဆင်းလျက် ရှိသော မြူနှင်းများကြောင့် လမ်းလွဲရသေးသည် ။ တည့်တည့်မတ်မတ် လျှောက်ရမည့် အစား ညာဘက်သို့ သိပ်ပြီး ရောက်သွားခဲ့သဖြင့် မြစ်က မ်းဘေးအတိုင်း နောက်ရင်းသို့ ပြန်လျှောက်ခဲ့ရ၏။ ဤနေရာ တစ်လျှော က်တွင် ကျောက်တုံးကြီးများ ချထားပြီး သစ်သားငုတ်ကြီးများ စိုက်ထား သည် ဖြစ်ရာ ယင်းတို့ မှာ အမြဲတစေ တက်လာနေသည့် ဒီနေဒဏ်ကို ခံ နိုင်ရန် လုပ်ထားခြင်း ဖြစ်ပေသည် ။ ဤမြစ်ကမ်းပါးအတိုင်း ခပ်သုတ် သုတ် ပြေးသွားနေရင်းမှ ပင် ရေမြောင်းတစ်ခုကို ကျွန်တော် ကျော်ဖြတ်

မိသည် ။ ကျွန်တော် မှတ်မိနေသည် ။ ဤရေမြောင်းသည် အမြောက်ကြီးနှင့် အနီးဆုံးနေရာ ဖြစ်၏။ ရေမြောင်း၏ တစ်ဖက်ရှိ ဖို့မြေကမူပေါ်သို့ ကျွန်တော်သည် လေးဘက်တွား၍ တက်ခဲ့သည် ။ အပေါ်သို့ ရောက်သွားသည့် အခါ ကျွန်တော့်ရှေ့တွင် လူတစ်ယောက်ထိုင်နေသည် ကို လှမ်းမြင်နေရသည် ။ သူသည် လက်နှစ်ဖက်ကို ပိုက်ကာ ကျွန်တော်ရှိရာဘက်သို့ ကျောပေး၍ ထိုင်နေခြင်း ဖြစ်၏။ သူသည် ဦးခေါင်းကို ရှေ့သို့ ငိုက်စိုက်လျက် အိပ်မောကျလျက် ရှိပေသည် ။

ယခုကဲ့သို့ စောစောစီးစီး ကျွန်တော် ပြန်ရောက် လာပြီး သူ့အတွက် နံနက်စာ ပါလာသည် ကို သိပါက ကျွန်တော့်လူအနေဖြင့် အတော်ကြီးဝမ်းသာအားရ ဖြစ်လိမ့်မည်ဟု တွေးလိုက်မိသည် ။ ကျွန်တော်သည် သူရှိရာသို့ အသာကလေး ချဉ်းကပ်သွားမည်ဟု တွေးလိုက်မိသည် ။ ကျွန်တော်သည် သူရှိရာသို့ အသာကလေး ချဉ်းကပ်သွားပြီး သူ့ပခုံးကို တို့လိုက်၏။ သူသည် ဖြုန်းခနဲ ခုန်ထလာသည် ။ သူသည် ကျွန်တော် တွေ့ခဲ့သည့် လူ မဟုတ်ဘဲ တခြားလူတစ်ယောက် ဖြစ်နေသည် ။

ဤလူမှာ လည်း ကြမ်းတမ်းသော မီးခိုးရောင်အဝတ်များကို ဝတ်ထားပြီး ခြေတစ်ဖက်တွင် သံခြေချင်းကြီး ခတ်ထားသည် ။ ခြေထောက်ကလည်း ထော့ကျိုး... ထော့ကျိုးနှင့် ပင် ဖြစ်၏။ အအေးဒဏ် ခံထားရသဖြင့် တစ်ကိုယ်လုံး တုန်လျက် ရှိသည် ။ ကျွန်တော် မနေ့က တွေ့ခဲ့သည့် လူနှင့် အားလုံး အတူတူပင် ဖြစ်၏။ ကွာခြားမှုဟူ၍ တစ်ခုသာ ရှိသည် ။ သူ့မျက်နှာသည် ကျွန်တော်တွေ့ခဲ့သည့် လူ၏ မျက်နှာမဟုတ်။ သူသည် အနားခပ်ကျယ်ကျယ် ဦးထုပ်ပြားပြားတစ်လုံး ဆောင်းထားသည် ။ ကျွန်တော် သူ့ကို မြင်လိုက်ရခြင်းမှာ တစ်ခဏမျှသာ ဖြစ်သဖြင့် ဤမျှသာ မှတ်မိလိုက်၏။ သူသည် ကျွန်တော့်ကို တစ်ခွန်းမျှ လှမ်း၍ ကျိန်ဆဲလိုက်ပြီး လက်သီးနှင့် တစ်ချက် လှမ်းထိုးသည် ။ ထိုးလိုက်သည့် လက်

သီးချက်မှာ ခပ်ပျော့ပျော့ ဖြစ်သဖြင့် ကျွန်တော့်ကို မထိဘဲ လွဲသွားလေရာ သူ့ကိုယ်သူ မဟန်နိုင်ဘဲ လဲကျတော့မလို ဖြစ်သွားသည် ။ သို့သော်လည်း သူသည် သူ့ကိုယ်သူ ထိန်းလိုက်ပြီး မြူနှင်းများကြားသို့ ပြေးဝင်သွားသည် ။ ပြေးသွားနေခိုက်တွင် သူသည် နှစ်ကြိမ်မျှ လဲကျသွားသေးသည် ။ ထို့နောက် ကျွန်တော့်မျက်စိအောက်မှ ပျောက်သွားလေတော့သည် ။

"ဟိုလူပြောတဲ့ သူ့အဖော်လူငယ်ဆိုတာပဲ ဖြစ်မယ်" ဟု ကျွန်တော်တွေးမိသည် ။ ထိုအခါ ကျွန်တော့်နှလုံးသားထဲမှ နာကျင်လာသည် ။ အကယ်၍ ကျွန်တော့်အသည်း ဘယ်နေရာမှာ ရှိနေသည် ကိုသာ သိခဲ့ပါမူ အသည်းထဲမှ နာကျင်သည့် ဝေဒနာကိုပင် ခံစားရလိမ့်မည် ထင်ပါသည် ။

မကြာခင်အတွင်းမှာ ပင် အမြောက်ကြီးဆီသို့ ကျွန်တော်ရောက်သွားသည် ။ မနေ့က ကျွန်တော်နှင့် တွေ့ခဲ့ရသော လူသည် လက်နှစ်ဖက်ကို ပိုက်ကာ ထော့ကျိုး... ထော့ကျိုးဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းသလားလျက် ရှိသည် ။ သူ့ပုံပန်း ကြည့်ရသည် မှာ တစ်ညလုံး ယခုကဲ့သို့ လက်ပိုက်ပြီး ထော့ကျိုး... ထော့ကျိုးလျှောက်ကာ ကျွန်တော် ပြန်ရောက်လာမည်ကို စောင့်မျှော်နေပုံ ရ၏။ သူ့ကို မြင်လိုက်ရရုံဖြင့် ကြောက်မက်ဖွယ် ကောင်းလောက်အောင် အအေးဒဏ် ခံနေရသည် မှာ ထင်ရှားလျက် ရှိသည် ။ အေးလွန်းသဖြင့် ကျွန်တော့်မျက်စိရှေ့မှာ ပင် ဝုန်းခနဲ လဲကျပြီး သေသွားလိမ့်မည်ဟု ထင်ရသည် ။ သူ့မျက်လုံးများ သည် အပြင်းအထန် ဆာလောင်မွတ်သိပ်လျက် ရှိကြောင်းကို ဖော်ပြနေသည် ။ ကျွန်တော် လှမ်းပေးလိုက်သည့် တံစဉ်းကို ဆီးယူပြီး မြက်ခင်းပေါ်သို့ ချထားလိုက်သည် ။ ကျွန်တော့်လက်ထဲမှ အထုပ်ကိုသာ မမြင်ခဲ့ပါက ကျွန်တော် ပေးလိုက်သည့် တံစဉ်းကိုပင် ကိုက်ဝါး၍ စားပစ်လိမ့်မည်ဟု ထင်

ရ၏။ ယခုတစ်ကြိမ်တွင် မူ သူသည် ကျွန်တော့်အား ဖောက်ထိုးမိုးမျှော်ဖြစ်အောင် မလုပ်တော့ပါ။ လက်ထဲမှ အထုပ်ကိုဖြေ၍ အိတ်ကပ်ထဲမှ ပစ္စည်းများ ထုတ်ချနေသော ကျွန်တော့်အား စိတ်ဝင်တစား ကြည့်နေသည် ။

"ဟော့ လူငယ်... ပုလင်းထဲက ဘာလဲကွ" ဟု မေးသည် ။

"ဘရန်ဒီ... ဗျ"

ထိုအချိန်တွင် သူသည် အမဲသားစဉ်းကောကြော်ကို ယူပြီး အလွန်ထူးဆန်း အံ့သြဖို့ ကောင်းသည့် နည်းမျိုးဖြင့် ဝါးမျိုလျက် ရှိချေပြီ။ သူ့အဖြစ်မှာ လူတစ်ယောက် အစာ စားနေသည် နှင့် မတူ။ ပစ္စည်းတစ်ခုခုကို တစ်နေရာ အရောက်ပို့ပေးရမည့် တာဝန် ရှိနေသဖြင့် ဒရောသောပါး မျိုချနေရသည့် လူတစ်ယောက်နှင့် တူလျက်ရှိသည် ။ သူသည် အစားကို အငမ်းမရ မျိုချနေရာမှ ဘရန်ဒီ ပုလင်းကို ဆွဲယူပြီး ပါးစပ်တွင် တေ့ကာ မော့ချလျက်ရှိ၏။ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်လျက် ရှိသဖြင့် သူ့လက်သည် ပုလင်းကိုပင် ငြိမ်အောင် မကိုင်နိုင်ဘဲဖြစ်လျက်ရှိရာ ပုလင်းလည်ပင်းကို သူ့သွားများ နှင့် ကိုက်မိလိမ့်မည်ဟု ထင်မိသည် ။ သို့သော်လည်း မကိုက်မိပါ။

"ခင်ဗျား ဖျားနေတယ် ထင်တယ်" ဟု ကျွန်တော်က ပြောမိသည် ။

"ဟုတ်တယ်၊ မင်းထင်တာ မလွဲဘူး... လူကလေးရဲ့ " ဟု သူက ပြန်ဖြေသည် ။

"ဒါ ဆိုရင်တော့ ဒီနေရာက မကောင်းဘူးဗျ၊ ခင်ဗျား စိမ့်မြေပေါ်မှာ တစ်ချိန်လုံး လှဲနေတယ် ထင်ပါရဲ့ ။ ပိုပြီး ဆိုတော့မှာ ပေါ့၊ တစ်ကိုယ်လုံးလည်း ကိုက်ခဲလာလိမ့်မယ်"

"အဲဒီဝေဒနာတွေက ငါ့ကို အသေမသတ်ရင် ငါကတော့ ငါ့နံနက်စာကို ဝအောင်စားသွားမှာ ပဲ" ဟု ပြန်ပြောသည် ။ "ဟိုဘက်မှာ ရှိနေတဲ့ ကြိုးစင်ပေါ် တက်ရမယ် ဆိုရင်လည်း အစားတော့ ဝအောင်စားသွားဦးမှာ ပဲ၊ ပြီးမှ ဘာပဲဖြစ်ဖြစ် ဖြစ်တယ်၊ ငါ ဂရုမစိုက်ဘူး၊ စားပြီးတာနဲ့ တစ်ပြိုင်နက် ကြိုးစင်ပေါ် တက်ရမယ်ဆိုလည်း တက်မှာ ပဲ၊ ဖျားတာလောက်ကတော့ ငါက အပျော့ပါ"

သူသည် အမဲသားစဉ်းကောကြော်၊ ပေါင်မုန့်၊ ဒိန်ခဲနှင့် ဝက်သားမုန့်များကို တစ်ချိန်တည်း တစ်ပြိုင်တည်းလိုလို ပါးစပ်တွင်းသို့ သွင်းကာ ကြေညက်အောင် ဝါးသည် မရှိဘဲ အငမ်းမရ မျိုချလျက် ရှိသည် ။ ယင်းကဲ့သို့ လောဘတကြီး မျိုချနေရင်းမှ ပင် ပတ်ဝန်းကျင်ရှိ မြူနှင်းများကြားသို့ စိုးရိမ်ထိတ်လန့်သော မျက်နှာထားဖြင့် လှည့်ကြည့်သည် ။ တစ်ခါတစ်ရံ အစားကိုဆက်၍ မမျိုဘဲ ရပ်ထားပြီး နားစွင့်နေတတ်သည် ။ တစ်ခါတစ်ရံတွင် မူ မြစ်ပြင်ပေါ်မှ ရေပွက်သံနှင့် စိမ့်မြေပေါ် ပြေးသွားသည့် တိရစ္ဆာန်တစ်ကောင်ကောင်၏ အသံကို ကြားရတတ်သည် ။ သူသည် ချိုးခနဲ ချွတ်ခနဲ အသံကြားတိုင်း ဖျိုးခနဲ ဖျတ်ခနဲ လန့်တတ်လေသည် .

"မင်းဟာ လိမ်ညာတတ်တဲ့ မင်စာလေးတစ်ကောင်တော့ ဟုတ်မယ် မထင်ပါဘူး၊ မင်းနဲ့ ဘယ်သူမှ ပါမလာဘူးနော်"

"မပါပါဘူးဗျာ၊ တကယ်ပြောတာပါ၊ လုံးဝ မပါ... ပါဘူး"

"မင့်နောက်က လိုက်လာဖို့ ဘယ်သူ့ကိုမှ မပြောခဲ့ဘူး မဟုတ်လား"

"မပြောခဲ့ပါဘူး"

"အေး... ကောင်းတယ်" ဟု ရေရွတ်သည် ။

"ငါ မင့်ကို ယုံပါတယ်… ကွာ၊ တကယ်တော့ ငါ့လိုဒုက္ခ အကြီးအကျယ်ရောက်နေတဲ့ ကောင်မျိုးတစ်ကောင်ကို နောက်ထပ် ဒုက္ခရောက်အောင် လုပ်ချင်တဲ့ စိတ်သာ မင့်မှာ ရှိမယ်ဆိုရင် မင်းလည်း အလွန့်ကို ရက်စက်ကြမ်းကြုတ်တဲ့ အမဲလိုက်ခွေးတစ်ကောင်တော့ ဖြစ်နိုင်တာပဲ၊ ငါ သိပါတယ်ကွာ"

သူ့လည်ချောင်းထဲမှ တစ်တစ်ဆို့ဆို့ အသံတစ်သံကို ကြားရသည် ။ သူသည် ထိုအသံကို ပျောက်သွားအောင် အားထုတ်လျက်ရှိရာမှ သူ့အကျီကြမ်းကြီးဖြင့် မျက်လုံးများကို သုတ်နေသည် ။

ညှိုးငယ်လျက်ရှိသော သူ့မျက်နှာကို ကြည့်ကာ ကျွန်တော် စိတ်မကောင်း ဖြစ်မိသည် ။ သူသည် လက်ထဲမှ ဝက်သားမုန့်ကို ရုတ်တရက် ဆက်၍ မစားတော့ဘဲ ငေးနေသည် ။ ခဏကြာမှ ဖြည်းဖြည်းချင်း မုန့်ကို ပြန်စားသည် ။ သူ့အပေါ်တွင် ဖြစ်ပေါ်လာသော သနားစိတ်ကြောင့် ကျွန်တော်က အရဲစွန့်၍ စကားတစ်ခွန်း ပြောမိသည် ။

"ခင်ဗျား စားလို့ သောက်လို့ ကောင်းတာ မြင်တော့ ကျွန်တော် ဝမ်းသာတယ်"

"မင်း ဘာပြောလိုက်တာလဲ"

"ခင်ဗျား စားကောင်းနေတာမြင်လို့ ကျွန်တော် ဝမ်းသာတယ် ပြောတာပါ"

"ကျေးဇူးတင်ပါတယ်… လူကလေးရာ၊ တကယ့်ကို ကျေးဇူးတင်တာပါ"

ကျွန်တော်တို့ ပိုင် ခွေးများ ထဲမှ ခွေးကြီးတစ်ကောင် အစာစားနေသည် ကို ကျွန်တော် မကြာခဏ စောင့်ကြည့်ခဲ့ဖူးသည် ။ ထိုခွေးကြီးစားပုံနှ

င့် ဤလူကြီး စားနေပုံမှာ တူလှသည် ။ စိတ်ထဲက ထင်လိုက်မိ၏။ လူကြီး အစားကိုက်ယူပုံသည် ထိုခွေးကြီး ကိုက်နေပုံနှင့် တထေရာတည်း ဖြစ်လျက် ရှိသည် ။ သူသည် အစားကို အများကြီး ကိုက်ယူလိုက်ပြီး ကြာကြာဝါးခြင်းမပြုဘဲ ချက်ချင်း မျိုချလိုက်ခြင်း ဖြစ်၏။ စားနေသည့် အခိုက်တွင် လည်း သူ့မျက်လုံးများ သည် ဂနာငြိမ်သည် မရှိ။ ဟိုကြည့် သည် ကြည့်နှင့် ကျီးကန်းတောင်းမှောက် ပုံစံမျိုး ဖြစ်သည် ။ သူ့လက်ထဲမှ ဝက်သားမုန့်ကို လုယူမည့် သူတစ်ဦး တစ်နေရာရာမှ ဘွားခနဲ ပေါ်လာလိမ့်မည်ဟု တွေးပြီး စိုးရိမ်ထိတ်လန့်နေပုံမျိုး ဖြစ်သည် ။ သူ့စိတ်သည် သူစားနေသည့် အစားပေါ်တွင် လည်း စိတ်ဝင်စားပုံ မရ။ သက်သောင့်သက်သာ နားအေးပါးအေးဖြင့် အရသာခံ၍ စားဖို့ လည်း စိတ်ကူးဟန်မတူ။ မည်သို့ပင်ဖြစ်စေ အားလုံးခြုံ၍ ကြည့်လိုက်သည့် အခါ သူ စားသောက်နေပုံသည် ကျွန်တော့် မျက်စိထဲတွင် ကျွန်တော် မြင်ဖူးခဲ့သော ခွေးကြီး စားနေပုံနှင့် ထပ်တူထပ်မျှ ဖြစ်လျက် ရှိသည် ။

"သူ့ဖို့ စားစရာ မကျန်မှာ စိုးရတယ်... ဗျ" သူစားနေသည် ကို ထိုင်ကြည့်နေရာမှ စိုးရိမ်စိတ် ဝင်လာသဖြင့် ကြောက်ကြောက်လန့်လန့်ဖြင့် လှမ်းပြောမိသည် ။

"အစားအသောက်က နောက်ထပ်ရတော့မှာ မဟုတ်တော့လို့ ပါ"

"သူ့ဖို့ မကျန်မှာ စိုးရတယ်.... ဟုတ်လား၊ သူ ဆိုတာ ဘယ်သူလဲ" သူသည် အစားကို ဝါးနေရာမှ ရပ်လိုက်ပြီး ပြန်မေးသည် ။

"ဟ... ဟို... လူငယ်ဆိုတာလေ၊ ခင်ဗျားပြောတဲ့ လူငယ်ကို ပြောတာပါ"

"အိုး... အေး... အေး၊ ဟုတ်တယ်" ပြောပြောဆိုဆို ရယ်သည် ။

"သူ့အတွက်လား၊ အေး... အေး၊ ဒါပေမဲ့ သူ့အတွက်က စားစရာ မလို

ပါဘူး.. ကွယ်"

"သူ့ကြည့်ရတာကတော့ လိုလိမ့်မယ်ထင်တယ်... ဗျ၊ သူလည်း ခင်ဗျားလိုပဲ သိပ်ဆာနေပုံပဲ"

ကျွန်တော့်မိတ်ဆွေသည် အစားကို ဆက်မစားနိုင်တော့ဘဲ ရပ်လိုက်ပြီး ကျွန်တော့်မျက်နှာကို အံ့ဩထိတ်လန့်စွာဖြင့် ငေးကြည့်နေသည်။

"သူ့ကြည့်ရတာ... တဲ့၊ ဘယ်တုန်းက တွေ့ခဲ့တာလဲ"

"အခုနကပဲ တွေ့ခဲ့တာ"

"ဘယ်နေရာမှာ လဲ"

"ဟိုဘက်မှာ ... ခင်ဗျ" ဟု ကျွန်တော်က လက်ညှိုးထိုးပြသည်။

"ဟောဟိုဘက်နားမှာ တွေ့ခဲ့တာ၊ ကျွန်တော်နဲ့ တွေ့တော့ အိပ်ပျော်နေတယ်။ ကျွန်တော်က ပထမတော့ ခင်ဗျားလို့ ထင်တာ"

သူက ကျွန်တော့်အင်္ကျီကော်လာများကို ဆုပ်ဆွဲထားပြီး ကျွန်တော့်မျက်နှာကို ပြူးပြူးကြီး စိုက်ကြည့်နေသည်။ ကျွန်တော့်လည်ပင်းကို ဖြတ်ပစ်မည်ဟူသော စိတ်ကူးသည် သူ့ခေါင်းထဲသို့ ပြန်ဝင်လာပြန်ပြီဟု ကျွန်တော် ထင်မိသည်။

"တကယ့်ကို တွေ့ခဲ့တာပါ။ ခင်ဗျားလို ဝတ်ထားတာပဲ၊ သူကတော့ ဦးထုပ်ကြီးတစ်လုံး ဆောင်းထားတယ်" ဟု ကျွန်တော်က ထိတ်လန့်တုန်လှုပ်စွာဖြင့် ရှင်းပြသည်။

"ပြီး... ပြီး... ပြီးတော့..." ဤစကားပြောဖို့ ကျတော့ ကျွန်တော့်မှာ များ စွာ ကြောက်လန့်လျက် ရှိသဖြင့် ကြံဖန်ပြီး ပြောရသည်။

"ပြီးတော့... သူလည်း ခင်ဗျားလို တံစဥ်းလိုချင်မှာ ပဲ၊ မနေ့ညက အမြောက်ပစ်သံကို ခင်ဗျား ကြားတယ် မဟုတ်လား"

"ဒါဆိုရင် အမြောက်ပစ်တယ်... ပေါ့" ဟု သူ့ကိုယ်သူ ပြောသည် ။

"ခင်ဗျား မကြားတာ ကျွန်တော် အံ့ဩမိတယ်" ဟု ကျွန်တော်က ပြန်ပြောသည် ။

"ကျွန်တော်တို့ အိမ်ကနေပြီး ကြားရတာ... ဗျ၊ အဝေးကြီးကနေ ပစ်တာ"

"လူတစ်ယောက်အနေနဲ့ ဒီလို ရွှံ့နွံ့တွေထူထပ်တဲ့ နေရာမျိုးမှာ တစ်ယောက်တည်း နေရတယ်၊ သူ့ခေါင်းကလည်း ဘာမှ မစဥ်းစားနိုင်ဘူး၊ ဗိုက်ထဲမှာ လည်း အစာလုံးဝ မရှိဘူး၊ အအေးဒဏ်ကိုလည်း အသက်ထွက်လုမတတ် ခံနေရတယ်၊ သူ့နားတွေကလည်း သေနတ်သံတွေနဲ့ ခေါ်သံအော်သံတွေကိုပဲ နားစွင့်နေရတယ်၊ ဒါဆိုရင် သူ့အနေနဲ့ တခြားအသံတွေကို ဘယ်လိုလုပ်ပြီး ကြားတော့မလဲ... ကွာ၊ သူ့အနေနဲ့ အင်္ကျီနီကြီးတွေ ဝတ်ပြီး လက်နှိပ်ဓာတ်မီးတွေ ကိုင်ထားတဲ့ စစ်သားတွေကို မြင်နေရတယ်၊ သေနတ်ချင်း ထိမိခိုက်မိတဲ့ အသံတွေနဲ့ သတိ၊ သက်သာ၊ သတိ ၊ အသင့်ပြင့်၊ သူ့ကိုရှာ ဆိုတဲ့ အသံတွေကိုလည်း ကြားနေရတယ်၊ တခြားတော့ ဘာသံမှ မကြားဘူး၊ မနေ့ညက လူပျောက်ရှာနေတဲ့ အဖွဲ့တစ်ဖွဲ့ကို ငါ မြင်ခဲ့ရတယ်၊ သူတို့ ခြေသံတွေကိုလည်း ငါ ကြားခဲ့ရတယ်၊ လင်းလာတဲ့ အချိန်မှ အမြောက်သံကြောင့် မြူနှင်းတွေ လူပ်သွားတာကို ငါ မြင်ခဲ့ရတယ်၊ ဒါပေမဲ့... မင်းပြောတဲ့ လူ..." သူသည် ထိုစကားများကို ကျွန်တော့်အား ပြောနေသည် နှင့် မတူ။ ကျွန်တော် ရှိနေသည် ကိုပင် သတိမထားမိဘဲ သူ့ဘာသာသူ တစ်ကိုယ်တည်း ပြောနေသည့် ကို ပြောနေခြင်း ဖြစ်၏။ စကားဆုံးသွားမှ "မင့် အဲဒီလူနဲ့ ပတ်သက်ပြီး ထူး

ထူးခြားခြား မှတ်မိတာများ ရှိသလား" ဟု မေးသည်။

"သူ့မျက်နှာမှာ ပွန်းပဲ့စုတ်ပြတ်နေတဲ့ ဒဏ်ရာတွေ အများကြီး ရှိတယ်... ဗျ" ခက်ခက်ခဲခဲ စဉ်းစားပြီး ကျွန်တော်မှတ်မိသည့် အရာတစ်ခုကို ပြောပြလိုက်သည်။

"ဒီနေရာမှာ တွေ့တာ မဟုတ်နိုင်ပါဘူး... ကွ" သူ့ ဘယ်ဘက်ပါးကို သူ့လက်ဖဝါးဖြင့် မညှာမတာ တအားရိုက်လိုက်ပြီး အော်ပြောသည်။

"ဟုတ်တယ်...ဗျ၊ ဟိုဘက်မှာ တွေ့ခဲ့တာ"

"အခု... သူ ဘယ်မှာ လဲ" သူသည် လက်ထဲတွင် ကျန်နေသည့် အစားကို မစားတော့ဘဲ သူ့အင်္ကျီအိတ်ကပ်တွင်းသို့ ထိုးထည့်လိုက်သည်။ "ဒီအကောင် ဘယ်ဘက်ကို ထွက်ပြေးသွားသလဲ၊ ငါ့ကို ပြစမ်း၊ ငါ ဒီခွေးကောင်ကို သတ်မယ်၊ အရေးထဲ ဒီသံခြေချင်းကလည်း တစ်မှောင့်ပါလား... ကွာ၊ မင့်ယူလာတဲ့ တံစဉ်း ငါ့ကို ပေးစမ်းပါ... လူကလေးရယ်"

ကျွန်တော်က ကျွန်တော် တွေ့ခဲ့သည် လူ ပြေးထွက်သွားရာ အရပ်ကို လက်ညှိုးထိုးပြသည်။ ကျွန်တော့်မိတ်ဆွေသည် ကျွန်တော် ညွှန်ပြရာဘက်သို့ အတန်ကြာမျှ ငေးစိုက်ကြည့်နေသည်။ သူသည် မြက်ခင်းပြင်ပေါ်၌ ထိုင်ချလိုက်ကာ ခြေထောက်၌ ခတ်ထားသည့် သံခြေချင်းကြီးကို အရူးတစ်ယောက်သဖွယ် လက်ထဲမှ တံစဉ်းဖြင့် တအားတိုက်လျက်ရှိ၏။ သူသည် ကျွန်တော့်ကိုလည်း လှည့်မကြည့်။ သွေးများ ပေလျက်ရှိသော ခြေထောက်မှ ဒဏ်ရာဟောင်းကိုလည်း ဂရုမစိုက်၊ သူသည် တံစဉ်းကို မိမိရရ ဆုပ်ကိုင်ကာ သံခြေချင်းကိုသာ အားသွန်ခွန်စိုက် တိုက်ဖြတ်လျက် ရှိလေသည်။ ကျွန်တော် သူ့ကို ကြည့်ကာ ကြောက်လာသည်။ အိမ်မှ ထွက်လာခဲ့သည် မှာ ကြာပြီဖြစ်၍ အိမ်က ဆူမည်ကိုလည်း စိုးရိမ်လာသည်။ ကျွန်တော် သွားမှ ဖြစ်တော့မည်ဟု သူ့ကို လှမ်းပြော

သည် ။ သူကတော့ ကျွန်တော့်စကားကို ကြားဟန် မတူ။ အဖြေလည်း ပြန်မပေး။ ကျွန်တော့်အတွက် အကောင်းဆုံးနည်းမှာ ဤနေရာမှ အမြန် ထွက်ခွာသွားရန်ပင် ဖြစ်၏။ ကျွန်တော် သူ့ကို နောက်ဆုံးမြင်ခဲ့ရသည့် အချိန်တွင် သူသည် သူ့ခြေထောက်ပေါ် ခေါင်းကြီးငုံ့ကာ တံစဉ်းဖြင့် ခြေထိပ်ကို တရကြမ်း တိုက်ဖြတ်လျက် ရှိသည် ။ ပါးစပ်မှ လည်း ဆဲလိုက် ... ဆိုလိုက်... ကျိန်ဆဲလိုက်...။ သူနှင့် အတော်ဝေးဝေးသို့ ရောက်သည့် အခါ တဖွဲ့ဖွဲ့ကျဆင်းလျက် ရှိနေသေးသော မြူနှင်းများကြားတွင် အသာ ရပ်၍ နားစွင့်မိသည် ။ ထိုအချိန်အထိ တံစဉ်းတိုက်သံသည် ထွက်ပေါ် နေဆဲပင် ဖြစ်သည် ။

*****